www.burmeseclassic.com



BURMESE CLASSIC .com

# ရှင်လို ယောကျ်ား

သန်းငြိမ်းအောင် (ပညာရေး)

www.burmeseclassic.com

www.burmeseclassic.com

# ရှင်လို ယောက်ျား

သန့်ဖြိုးမြအောင် (ပညာရေး)

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

စီစဉ်သူ - ခရီးလမ်းစာပေ

အတွင်းသရုပ်ဖော် - ဝင်းမြင့်

မျက်နှာဖုံးသရုပ်ဖော် - အမ်တူး

အပြင်အဆင် - နွယ်ဇင်ဝင်း (ခရီးလမ်း)

ထုတ်ဝေသူ - ဦးချစ်ညွန့်(ဇင်ရတနာစာပေ)
၂၀၅/၄-က၊ မြို့သစ်၊ အင်းစိန်

ပုံနှိပ်သူ - ဧဒယျာအောင် ပုံနှိပ်တိုက်
ယာယီ(၁၆၇၉)

အုပ်ရေ - ၁၀၀၀၊

တန်ဖိုး - ၁၀၀၀ိ/-

ဖြန့်ချိရေး - လောကသရုပ်စာပေ
ဖုန်း - ၀၉၇၃၀၅၁၁၉၀

၈၀၈.၆

သန်းငြိမ်းအောင် (ပညာရေး)
ရှင်လိုယောက်ျား/သန်းငြိမ်းအောင် (ပညာရေး)။ရန်ကုန်
ခရီးလမ်းစာပေ၊ ပထမအကြိမ်၊ ၂၀၁၃
၈၀ - စာ၊ ၁၉ × ၁၂.၇ စင်တီ။
(၁) ရှင်လိုယောက်ျား

BURMESE CLASSIC .com

"ရှင်လို ယောက်ျား" ကို
(၃၇) နှစ် ပေါင်းလာတာ
ကျုပ်ကို ကျုပ် အံ့သြတယ်။

မိန်းမ

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | ရှင်လိုယောကျ်ား | ၅ |
| ၂။ | လင်ဆိုးမယား တဖားဖား | ၉ |
| ၃။ | ထက်မြက်ပြည့်စုံတဲ့ မိန်းမသားတစ်ဦးနဲ့ ခပ်ညံ့ညံ့ယောကျ်ား | ၁၄ |
| ၄။ | ဦးစားပေးလာရင် သတိထား | ၁၈ |
| ၅။ | သားကိုသခင် လင်ကိုဘုရား | ၂၃ |
| ၆။ | လင်ကောင်း သားကောင်း | ၂၇ |
| ၇။ | ယောကျ်ား = ပေါက်စား | ၃၂ |
| ၈။ | မိခင်စိတ်ဓာတ် | ၃၆ |
| ၉။ | ရင်ခုန်တာ အချစ်လား | ၄၀ |
| ၁၀။ | ဘယ်လိုပြောရမလဲ | ၄၄ |
| ၁၁။ | မိန်းမကမ္ဘာနှင့် ကျွန်တော် | ၄၈ |
| ၁၂။ | အဘာကြိုက်တဲ့ Women's World | ၅၃ |
| ၁၃။ | စိတ်ကူးနှင့် လက်တွေ့ | ၅၈ |
| ၁၄။ | ပါရမီဖြည့်ဖက် | ၆၂ |
| ၁၅။ | ချစ်သူများနေ့ | ၆၇ |
| ၁၆။ | မိန်းမသားအတွေး မိန်းမသားအရေး | ၇၀ |
| ၁၇။ | အချစ်(မီး)နဲ့ မေတ္တာ(ရေ) | ၇၆ |


BURMESE CLASSIC .com

# ရှင်လိုယောကျ်ား

ကျွန်မကတော့ ရှင့်လိုယောကျ်ားကို
ကြာကြာပေါင်းလေ စိတ်ပျက်လေဘဲ ...

www.burmeseclassic.com

www.burmeseclassic.com









အငယ်က ကျောင်းဆရာနဲ့ ဘုန်းကြီးလူထွက် အတူတူပဲ မယူနဲ့လို့ပြောတော့ လက်မခံခဲ့ဘူး။ ခုတော့ သံတစ်ချက်ရိုက်လိုက်တာ လက်မကို တူနဲ့ထုမိလို့ ပတ်တီးစည်းထားလိုက်ရပြီ။ အိမ်ခေါင်းမိုးက မိုးယိုနေတာလည်း မိန်းမပဲ တက်ပြင်လိုက်ရတယ်။ မိန်းမက ခဲတောင်းကျိုက်နေရတယ်။ ရှင်ဂျာတော့ တိုက်ပုံ မချွတ်ဘူး။

အိမ်ဦးနတ်ခိုပြီး ပက်လက်ကုလားထိုင်မှာ စာအုပ်အထူကြီးတွေ တစ်အုပ်ပြီးတစ်အုပ် ဖတ်နေလိုက်တာတကယ့်ပညာရှိကြီးအတိုင်းပဲ။ မိန်းမက ရေနွေးကြမ်း ဆက်ကပ်ရတာ တစ်နေ့ကုန် ဓာတ်ဘူးတစ်လုံးကုန်ရော။

အဝတ်လျှော်၊ ကြမ်းတိုက်ယောကျ်ားအလုပ်မဟုတ်ဘူး။ ထမင်းချက်တာ တပည့်တွေမြင်မှာစိုးလို့ဆိုပြီး တစ်ခါမှဝင်မချက်ဖူးဘူး။ ထမင်းပွဲရှေ့ လက်ဆေးစားရတာကို ရေလုံ့ရှာပေးရသေးတယ်။ ကိုယ်စားတဲ့ပန်းကန်ကို မဆေးဖူးဘူး။ စားပြီးသည်အတိုင်းထားသွားတာ။

ကလေးအကွာတွေလည်း တစ်ခါမှ သူမခံဘူး။ ကလေးငိုရင် လက်ဖက်ရည်ဆိုင်ထွက်သွားရော။ ကမ္ဘာကြီးဘာဖြစ်ပြီး မြန်မာ့နိုင်ငံရေး အခြေအနေက ဘာနဲ့ အငြင်းပွားပြီး ပြန်လာတာပဲ။ လခကိုတော့ အပ်ပါတယ်။ ဓိပဲရှာနိုင်တယ်။ အသောက် အောင်စားတဲ့၊ ထဘီပေါင်၊ ပုဆိုးပေါင်ရတာ သူမသိလိုက်ဘူး။



www.burmeseclassic.com

www.burmeseclassic.com


တသင်ရတာ ပင်ပန်းလို့တဲ့ ညနေရောက်ရင် နှိပ်ပေးရသေးတယ်။ ပြောသေးတယ် "အိမ်အလုပ်ဆိုတာ ခြေထောက်နဲ့ ခတ်လိုက်လို့ရတယ်" တဲ့။ (GAS) မီးဖိုတောင် မမွှင့်တတ်ဘူး။

သူကသာ လက်ဖက်ရည်ဆိုင်ထိုင်တာ၊ မိန်းမအပြင်ထွက်ရင် အိမ်အလုပ်တွေ ပျက်တယ်တဲ့၊ ဆော်ချင်၊ ဝေါက်ချင်သေးတယ်။ အချိန်တန်လို့ ထမင်းချက်ချိန် နောက်ကျရင်လက်က ရွယ်ချင်သေးတယ်။ သူ့တပည့်တွေနဲ့များမှားပြီး ဝေါက်တတ်တာ ကျောင်းဆရာများ မယူကြလေနဲ့။

အကြံအဖန်ကလည်း မတတ်၊ ဉာဏ်လွဲပြီးလည်း မသုံးတတ်လို့ အိမ်မှာ ငရုတ်၊ ကြက်သွန်မရှိရင် သူကခေါင်းရှုပ်ပြီ။ ရှင်းရတာက ကျုပ်။

သူမလုပ်တော့ အဝတ်လျှော်၊ ရေခပ် အားလုံးလုပ်ရတာ။ စီးပွားရေးလည်း သူနဲ့တန်းတူရှာရတယ်။ သူကတော့ အိမ်ဦးနတ်တဲ့။

တအုပ်ဖတ်တယ်၊ ဆရာအခေါ်ခံရတယ်။ မိန်းမနဲ့သားသမီးတွေ ထမင်းပြင်ပေးရတယ်။ နင်းနယ်ပေးရတယ်။ နှိပ်ပေးရတယ်။ ဆရာဝီသအောင် သူ့ကို ကြော့ကြော့လေးထားပေးပါတယ်။ ခုတော့ လက်ကြောတင်းတင်းနဲ့ ဘာမှမလုပ်တတ်တော့ဘူး။

ခြေထောက်မှာ ဖုန်တွေပေနေလည်း "မိန်းမရေ လာပါဦး" တဲ့။ စက်ဘီးပျက်လည်း "မိန်းမလာပြင်ပေးဦး"တဲ့၊ တီဗွီဖွင့်တာကအစ မိန်းမပါရတယ်။ တစ်ခါတစ်ရံ အပန်းဖြေ ဘုရားဖူးထွက်ချင်လို့ ခေါ်ရင် သူလည်းမလိုက်ဘူး။ "အိမ်ကဘုရားအားနာစရာ"တဲ့။

ဝင်ငွေကြီးရှိရင် ကြေချင်ပါတယ်၊ အိမ်ဦးနတ်ကို ပြုစုရတာ ပင်ပန်းလှတယ်။ လခနဲ့မလောက်လို့ စီးပွားလည်းရှာရတယ်။ အပြောအဆိုနဲ့လည်း မလွတ်ဘူး။ ကျောင်းမှာ ဆရာမတွေနဲ့ပျော်နေသလား မသိဘူး။ အိမ်ကျတော့ ဝေါက်ငန်းနေတော့တာပဲ။

ဆရာ----ဆရာနဲ့ ဗီတိတွေပြောနေလိုက်တာ။ အိမ်က မိန်းမပြောနေလည်း မသိဘူး။ ဘာအလုပ်မှ မလုပ်တတ်၊ ယောက်ျားတို့ တတ်အပ်တဲ့ ပညာဘာတစ်ခုမှ မတတ်၊ ကားမမောင်းတတ်၊ ဈေးဝယ်မစားတတ်နဲ့။

ကျွန်မကတော့ ရှင့်လိုယောက်ျားကို ကြာကြာပေါင်းလေ၊ စိတ်ပျက်လေသဲ့။ လောကမှာ ရှင့်လိုယောက်ျား ရှင်တစ်ယောက်ပဲ ရှိသလားမသိဘူး။

Woman World, Wednesday 18, January, 2012

□ □ □




# လင်ဆိုးမယား တဖားဖား

အရက်သမားက ထရိုက်တယ်
ဘေးပတ်ဝန်းကျင်က ညည်းကိုသနားမယ်...

www.burmeseclassic.com

www.burmeseclassic.com









“လင် ဆိုးမယား တဖားဖား၊ သားဆိုးအမေ တပေပေ” တဲ့၊ ကျွန်မသားရော ယောကျ်ားပါ မဆိုးပါဘူး။ အရက်သောက်၊ ဖဲမရိုက်၊ အပျော်မလိုက် ပါဘူး။ တစေးနဲ့နဲ့ပြောတတ်တာပဲ ရှိပါတယ်။

“အရက်သမားက ထရိုက်တယ်။ ဘေးပတ်ဝန်းကျင်က ညည်းကိုသနား မယ်။ ဘိန်းစားမိန်းမကျတော့ ခြင်ထောင်ထဲမှာ တစေးစေးနဲ့နဲ့ ရန်ဖြစ်မယ်။ ဘယ်သူမှ မသိရဘူး။ ညည်းပဲစိတ်ဆင်းရဲရမယ်” တဲ့။

အမေရှိသေးရင် ပြလိုက်ချင်သေးတယ်။ ကျွန်မကိုလက်ဖျားနဲ့တောင် မထိပါဘူး။ ပါးစပ်ဖျားနဲ့စော်ကားတာ၊ အပ်ဖျားလေးနဲ့ဆွနေသလိုပါပဲ။ ယောကျ်ား လေးတွေ ရှိတတ်ကြတာ ကျွန်မခုမှပဲ သိတော့တယ်။

“မသေထမင်း မသေဟင်းမကျွေးပါနဲ့။ မေတ္တာထမင်း၊ မေတ္တာဟင်း စားပါရစေ” တဲ့။ ပြောလည်း ပြောတတ်ပါပေ့။ သူ့ကိုအရိုးထွင်ပေး။ ဟင်းနယ်ပေး၊ သူကမေတ္တာထမင်း၊ မေတ္တာဟင်းတဲ့လေ။ ရုပ်ရှင်ထဲကအတိုင်း အလုပ်ကပြန်လာလို့ သူ့ကိုထွက်မကြိုရင် “မောသွားတာပဲ” တဲ့။

ထမင်းပွဲရှေ့ရောက် ခူးခပ်မကျွေးရင်မစားတတ်တဲ့ ကျွန်မယောကျ်ား။ ကျွန်မမှတခြား တခြားလူဆိုရင် ရှုံ့တယ်တဲ့။ ပျို့တက်လာတာ၊ ချွေးချေးတွေရင်

www.burmeseclassic.com



လက်ညှိုးထိုးပြပြီး အန်နေတတ်တာကလည်း အံ့ဖွယ်သုတပါ။

မိဘလက်ထဲက ကျွန်မလက်ထဲရောက်ပြီးမှ သူကနုပျတ်လာတာ၊ စပို့ရှပ်မျိုးစုံဝတ်ပြီး ဘောင်းဘီရှည်ထည်လဲနဲ့ လှပချိုမွှန်းလာတာကလည်း ကျွန်မကောင်းလို့ပါ။ ဒါပေမဲ့ သူက စီးပွားရှာနေတဲ့သူလေ။ စိတ်ချမ်းသာအောင် ထားပေးပါတယ်။ အားလုံးကို လျှော့ချလိုက်တာက ကျွန်မရဲ့ အိမ်ထောင်သည်ဘဝပါ။

မိုးရွာလို့ဈေးထွက်ချင်ရင် ထီးမဝယ်နိုင်ပေမယ့် သူ့အတွက်လက်ကိုင်ဖုန်း (Hand Set) အကောင်းစားရအောင် ဝယ်ပေးရတယ်။ သူကလူကြီးလေ၊ မိုကောင်းကင်ပေါ်တက်နေရတာ (အင်တာနက်) ဆိုလား၊ အမြဲကြည့်နေရတာ။ သူကြည့်တဲ့ Myanmar Celebrity ; Gossip , News တွေက တစ်နေ့ တစ်နေ့ နောက်ကျကျန်ခဲ့လို့ မရဘူးလားပဲ။

ဂျာနယ်တစ်နေ့လေးစောင် (၂၄၀၀/-) ဖိုးဝယ်လာတယ်။ သူ့တစ်လစာဂျာနယ်ဖိုးက ကျွန်မအတွက် ဆန်တစ်အိတ်ဖိုးပဲဆိုတော့ သူက "အရက်မသောက်၊ ဖဲမရိုက်၊ ကွမ်းမစား" တဲ့အကြောင်း၊ ပြန်ပြောရှင်းတယ်။ ကျွန်မကလည်း ပြောလိုက်ပါတယ်။ "အရက်သောက်ပါ၊ ဖဲရိုက်၊ ကွမ်းစားပါ။ ဂျာနယ်မဝယ်ပါနဲ့လို့"

ဒါပေမဲ့ အလိမ္မာစာမှာရှိမဟုတ်လား။ ကျွန်မလည်း တားမနေတော့ပါဘူး။ ကျွန်မယောကျ်ား စကားပြောကောင်းတာ။ ဆင်ခြေပေးတတ်တာ ဒီဂျာနယ်တွေကြောင့်ပဲလေဆိုပြီး ခွင့်လွှတ်လိုက်ပါတယ်။

ကျွန်မယောကျ်ား ခေါင်းမော့နိုင်အောင် ကျွန်မလမ်းသွား အအေးဆိုင်လေးထွက်တော့လည်း သူ့သိက္ခာကျတယ်ဆိုပြီး ပြန်သိမ်းလိုက်ရတာ၊ ခုတော့ ကတော်ရုပ်ပေါက်အောင်နေဆိုလို့ နေရတာ၊ ကိုယ်အပူလူမသိကြဘူးနော်။

သားကလည်း၊ အဖေ့ခြေရာနင်းတယ်။ သူတို့ဘောင်းဘီရှည်တွေကို အဝတ်လျှော်တောင်းထဲ ဒီအတိုင်း ပုံချပြီး သွားကြတာ၊ အဝတ်လျှော်ရတဲ့ ကျွန်မရဲ့တတ်အောင့်လာရတဲ့အထိပဲ။

ယောကျ်ားတွေက ရောက်ကြွားတွေပဲ၊ ရောက်တဲ့နေရာ ကြွားနေကြတာ၊ သားကလည်း သူ့လက်ကိုင်ဖုန်းလေးကိုင်ပြီး "ဟဲလို ဟဲလို" နဲ့ လမ်းထွက်စကားပြောကြတာ၊ မအေအိုကြီးမှာ လက်ကိုင်လက်နှိပ်စက်ကြီး ကိုင်ပြီး မျက်ရည်ကျနေရတယ်။ မကိုင်ရလို့ဝမ်းမနည်းပါဘူး။ မညှာတာကြလို့ ဝမ်းနည်းတာပါ။ လက်ကိုင်ဖုန်းထဲငွေသွင်းဖို့လိုနေပြီဆိုရင်၊ ဒီအမေကြီးဆီပဲ ပြေးလာကြတာလေ။





ကျွန်မကံကောင်းပါတယ်။ အရက်သမားယောကျ်ား၊ အရက်သမားအမေမဖြစ်ခဲ့ရပါဘူး။

"မင်းလိုမိန်းမ အသုံးမကျဘူး"၊ "အမေသာယ်ညံ့တာပဲ" လို့ အမြဲဝေဖန်ခံရတယ်။ ကျွန်မကလည်း ဝေဖန်ခံပါတယ်။ ကျွန်မတို့ မိန်းမသားတွေဟာ အားလုံးရဲ့အမြင်ခံတွေပါ။ ငွေရှာပေမယ့် မထင်ပေါ်ပါဘူး။ သည်းခံပေမယ့် မထင်ရှားပါဘူး။ စစ်တပ်ထဲက အညတြ သူ့ရဲကောင်းများဆိုတာ ရှိတယ်မဟုတ်လား။ ခုလည်း ကျွန်မတို့ မိန်းသားတွေဟာ တိုက်ပွဲရဲ့ ဗိုလ်တွေမဟုတ်ပါဘူး။ အညတြတွေပါ။

ခုတောင် "လင်ဆိုးမယား တဟားဟား" လို့ပြောရင် သူတို့ ပြန်ဖြေမှာသိတယ်။ "မယားနေစ ကြောင်သေမှ"လို့လေ။

Woeman World Jornal, Wednesday 30, January,2013

□ □ □



www.burmeseclassic.com

www.burmeseclassic.com

# ထက်မြက်ပြည့်စုံတဲ့ မိန်းမသားတစ်ဦးနဲ့ ခပ်ညံ့ညံ့ယောက်ျား

ယောက်ျားတစ်ယောက်ဖြစ်ပြီး
ရှေ့ကနေ မားမားမတ်မတ်ရပ်မပြဘူး . . .





www.burmeseclassic.com

www.burmeseclassic.com



**ယောကျ်ား** ထဲမှာတော့ ကျွန်မယောကျ်ားက ယောကျ်ားအစစ်၊ လူတူပြီ ဆိုရင် သူကပေါ်ပြူပြီ။ ရိုးတော့အ၊ အတော့ညံ့၊ ညံ့တော့မွဲတာပေါ့ရှင်။ ဧယောကျ်ားဆိုပြီ၊ ကျားကျားလျားလျားမှ မရှိတာ၊ ဦးဆောင်ဦးရွက်မပြုတတ်တာ။

ယောကျာ်းတစ်ယောက်ဖြစ်ပြီး ရှေ့ကနေ မားမားမတ်မတ်ရပ်မပြဘူး။ နောက်မှာ ပုန်းနေပြီ။ ပြဿနာဆိုရင်သူက အရင်ထွက်ပြေးတယ်၊ ပြီးပြတ်တ ၁လောင်းတပ်လို့ အိမ်ရှင်ကလာပြောတော့ သူကရှောင်နေတယ်။ ရှင်းပြလိုက်ရတာ အမေ၊ စာရေးချင်လို့ပါ၊ ဗဟုသုတပါနဲ့ သူ့အတွက် ကျွန်မကပဲ ပြောပေးနေရတယ်၊ ကျွန်မ မရှိရင်လည်း မပြေရှင်းတတ်ဘူး။

ကျွန်မယောကျ်ား အ,ပုံကတော့ လွှန်လွှန်းတယ်။ ပလပ်ကိုပြောင်းပြန်ထိုးလို့ ရှော့ဖြစ်တာ အကြိမ်ကြိမ်၊ လျှပ်စစ်မီးအားမြှင့်စက်ကို ဖြုတ်ပြီး ပြန်မတပ်တတ်လို့ အလုံးလိုက်သွင်းပစ်ရတာ သူ့လက်ချက်ပါပဲ။ အလုပ်တစ်ခုမလုပ်လိုက်နဲ့ သူချော်လဲပြီ။

မပြောတော့ပါဘူး။ ကျွန်မယောကျာ်းအကြောင်း၊ ရေစက်မောင်းလည်း ကျွန်မ၊ အောက်စက်ပြင်လည်းကျွန်မ၊ ကျွန်မခါးတောင်းကျိုက်နေရတာ သူ့ကြည့်နေ ရက်တယ်။ ကျွန်မကတော့ စီးပွားရေးလည်းလုပ်၊ အိမ်အလုပ်လည်းထောင့်စေ့အောင် သုပ်နေရတာပါပဲ။ ယောကျ်ားက ရေတ်သီးထောင်းလို့ လက်ထိ၊ သံရိုက်လည်း သက်ထိတတ်သမို့ နားနေဖို့ပဲ ခိုင်းထားရပါတယ်။

ကျွန်မကအမြဲ။ သူကအမည်။ ကျွန်မတို့မျိုးရိုးက သန့်မှသန့်၊ ထဘီစွန်





တောင်စွဲရှင်တောင် အမေကခူပြီး ခုံးမတတ်တာ၊ သူ့ကျတော့ ရေလဲပုဆိုးကိုပုံချပြီး ချွတ်ပစ်ခဲ့တတ်တာ။ အဝတ်ကိုရေနူနောက် ကြည့်မဝတ်တတ်လို့ အဝတ်အစားကအစ ထုတ်ပေးရတယ်။ ယောပြောပွဲကို ရေလဲပုဆိုးနဲ့ တက်တက်ပြီး ညအိပ်ရာဝင်ရင်ပိုးပုဆိုးနဲ့ ဖြစ်နေရော၊ ဒါကြောင့် အဝတ်လျှော်တဲ့တောင်းမှာ နှစ်ယောက်တည်းနဲ့ပုံနေတာပေါ့။ သူကစီးပွားသာမရှာတတ်တာ မဟုတ်ဘူး။ အဝတ်လည်းမလျှော်တတ်ဘူး။

သူများကိုသာ ဆရာလုပ်တတ်တာ သူသိတာ ဘာမှမရှိဘူး။ တစ်ကိုယ်ရေသန့် ရှင်းရေးလည်းမရှိဘူး။ ကျွန်မအရွံဆုံးက လက်ကြီးနဲ့ထမင်းစားတာပဲ။ ကျွန်မတို့က ဇွန်း နဲ့ ခက်ရင်းနဲ့ ယေယယ်ကတည်းက စားလာတာ၊ သူလက်နဲ့စားတာကို မင်္ဂလာဆောင်ပြီး မှသိရတာ ရွံလိုက်တာလွန်ရော။ ယောကျ်ားထွက်သွားပြီဆိုရင် ကြည့်လိုက်၊ ခေါင်းမွေးစုတ် ဖွားနဲ့ ဆီမထည့် ဘီး ဒါ့ အဆင့်မရှိတဲ့ရုပ်၊ ကျွန်မတို့က မျိုးရိုးမြင့်ခဲ့တော့ အိမ်ရှင်မတစ် ယောက်အနေနဲ့ အကဲ့ရဲ့ မခံနိုင်ပေါင်၊ သူ့ကိုလိုက်ပြီး ခေါင်းဖြီးပေးရတာအမော။

အရှုန်းအနောက်၊ ပေါက်တတ်ကရတော့ အပြောတတ်သား၊ မိန်းကလေးတွေ ရင် တဟီးဟီးတဟားဟား။ သူကတော့ ပျော်နေမိတ်တတ်ပါပဲ။ ဒါပေမဲ့ သူ့အနေအထိုင် ကြောင့် သူ့မှာ တလောကရူးကြီးဖြစ်လို့ နေမကောင်းလို့ဆိုရင် နဖူးပေါ်လက်အရင်ရောက် တတ်တာမို့ "ရှင်နော် လက်ရောက်မှုနဲ့ အဖမ်းခံချင်ဗြို" ဆိုတော့လည်း ရယ်ပြီးနေတာပဲ၊

ငွေမရှိ ရွှေမရှိ ရှိုးမရှိတဲ့ကျွန်မယောကျ်ား ဖြစ်သလို သွားလာနေပေမယ့် မိန်း ကလေးတွေနဲ့ရောနေတဲ့အခါ "ရှင့်မိန်းမက ဘာမှပြင်မပေးဘူးလား"လို့ ဝေဖန်ခံရတဲ့ အခါ ကျွန်မဝတ်ဆတ်သိနတတ်ပါတယ်၊ ကျွန်မက ပြုပြင်ပေးတာ၊ သူကမနာခံတတ်တာ။

ခပ်ညံ့ညံ့ယောကျ်ားကို ယူခဲ့မိတာ၊ ရိုးရိုး။ အအကို သဘောကျတာနဲ့ ကျွန်မခေါင်းကို ဆင်နှင်းခံခဲ့ရတာပါပဲ။ "မိန်းမ အသုံးမကျလို့" ယောကျ်ားမရဲ့ အစွပ်စွဲခြင်း ကိုလည်း ခံစားရတာပါပဲ။ သူကတော့လွယ်အိတ်ပါ။ ရှေ့ကလည်းမသွား၊ နောက်က လည်းမနေ၊ တကယ့်ကို ဘေးတိုက်လွယ်အိတ်ကြီးဆိုတာ သူ့အမေ မသိရှာဘူး။

ဆပ်ပြာကောင်းလို့ ခေါင်းပေါင်းဖြူတတ်ကြပေမယ့် မဖြူတော့တဲ့ ခေါင်း ပေါင်းတွေ အများကြီးပါ။ နဂိုထဲက ညစ်ထေးလာခဲ့တဲ့ ခေါင်းပေါင်းကြီးကို ဖြူစင်လာ အောင် ကျွန်မ (ခဝါသည်)မ မတတ်နိုင်ကြောင်းပါ။

ထက်မြက်ပြည့်စုံနေပေမယ့် ခပ်ညံ့ညံ့ယောကျ်ားရထားတာဟာ ကျွန်မရဲ့ အရောင်ကို မှေးမှိန်စေပြီ။ အကြံတုံးညာထိတုံး။ ဘဝပါ ခုံးရတော့မှာပါ။ ဒါပေမဲ့လေ ကျွန်မကတော့ မြန်မာအမျိုးသမီးလေးမို့ ဆေးမင်ရည်စုတ်ထိုးသလို——သာ။

□ □ □



www.burmeseclassic.com

www.burmeseclassic.com



# ဦးစားပေးလာရင် သတိထား

" မိန်းမကို ဦးစားပေးပြီဆိုရင် သတိသာထားကြတော့
အပြင်မှာ ခြေရှုပ်တော့မယ်ဆိုတာ••• "







www.burmeseclassic.com

www.burmeseclassic.com


ရုပ်နာမ်နှစ်ပါးရှိတဲ့ လောကကြီးမှာ ငါ၊ သူတစ်ပါး၊ ယောက်ျား၊ မိန်းမ ခွဲခြားပြောလိုက်ကြတာ Lady first တဲ့ မိန်းမဦးစားပေးပါတဲ့။ လူတွေမွေးဖွားလိုက်ကြတာ၊ မိန်းမဆန်တဲ့ ယောကျာ်းနဲ့ ယောကျာ်းဆန်တဲ့မိန်းမတွေရှိနေတာ သိသိကြီးပါပဲ။ ဖိုနဲ့မ (ကျားနဲ့မ) သတ္တဝါသဘာဝရှိနေကြတာပါ။ ယှဉ်တွဲနေထိုင်မှ မျိုးဆက်ပွားကြရတာမို့သာတယ်၊ နာတယ်မရှိပါ။ အမျိုးသမီးတွေ လူ့အာဇာနည်၊ သာသနာ့အာဇာနည်ဖြစ်ကြတာလည်း မနည်းလှပါ။

တချို့အမျိုးသားများ အမျိုးသမီးများ မီးဖွားသလောက်ပင် မခွန်စားရဲကြပါ။ သံချိုင်းကို မျက်စောင်းထိုးပြီးမျိုးဆက်ပွားပေးခဲ့ကြတဲ့ အမျိုးသမီးများကို လေးစားကြရပါမယ်။ တန်းတူထားနိုင်ကြရပါမယ်။

လောကကြီးမှာ အတူယှဉ်တွဲနေထိုင်နိုင်ရေးဟာ အရေးကြီးလာပါတယ်။ မိန်းကလေးချည်းထားတဲ့ ကျောင်းမှာဖြစ်ပွားတဲ့ပြဿနာဟာ အမျိုးသားကျောင်းများထက်မနိမ့်ကျပါဘူး။ ကျားနဲ့မအရေးအတူထိုင်သောက်ကြတဲ့ဘဝတွေလည်း ရောက်လာပါပြီ။ ကျားက မိုက်တယ်လို့ ပြောလို့မရတော့ပါဘူး။

ဒါပေမဲ့ လေဒီဖတ်စ် (Lady first) ဆိုပြီး မိန်းကလေးကို ခြောက်ထိုးပင့်ကော်နဲ့ **"မေမေကြီး"** နေရာကို ပို့ပစ်တတ်ကြပါတယ်။ ကျားပရိယာယ်က





မပရိယာယ်ထက်ပိုပါတယ်။ မိန်းမကို ဦးစားပေးသလိုနဲ့နှပ်ချတာကြာလှပါပြီ။ ဖောက်ပြန်တတ်တဲ့ ယောကျာ်းမုန်သမှုဟာ အိမ်မှာမိန်းမကို ဦးစားပေးပြတာချည်းပါပဲ။

လက်မထပ်ခင်က ဖျာလိုလိပ်၊ ထိပ်ပေါ်မှာတင်ပြီး လက်ထပ်ပြီးတာနဲ့ ဖျာလိုခင်း ခြေနဲ့နင်းကြတာပါပဲ။ Lady first တွေ၊ ဘာတွေမေ့ကုန်ကြတာပဲ။ လက်မှတ်မထိုးခင်က "ကမ္ဘာပေါ်မှာ ငါ့မိန်းမအလှဆုံးတဲ့။ လက်မှတ်လည်းထိုးပြီးရော ကမ္ဘာပေါ်မှာရှိတဲ့ မိန်းမအားလုံးဟာ ငါ့မိန်းမထက်လှကြတာပဲ" ဖြစ်သွားရော၊ တတ်လည်းတတ်နိုင်ကြတဲ့ယောကျာ်းတွေပါ။

ကားဟောင်းတွေ ဘော်ဒီကျလို့ လဲသလိုမျိုး၊ မိန်းမသားတွေကလည်း တစ်သားမွေး တစ်သွေးလှပေမယ့် နှစ်သားမွေးရင် နှစ်သွေးကျကုန်တာပါပဲ။ တစ်သားမွေး တစ်သွေးမလှခင်ကတည်းက ကိုယ်ဝန်ရပြီဆိုရင် ဖောက်ပြန်တတ်ကြတာပါပဲ။ ကားလဲသလို လဲချင်လာကြတာပေါ့။

အိမ်ထောင်ဦးအစ မပြည့်မစုံဘဝကနေ အိမ်ထောင်ဟောင်းတော့ ပြည့်စုံလာပြီလေ၊ ယောက်ျားသိက္ခာမကျအောင် အဝတ်အစားလေးဆင်ပေးကြတော့ ယောက်ျားလည်း သားသားနားနားဖြူဖြူစင်စင်၊ သန့်သန့်ရှင်းရှင်း ဖြစ်လာတာပေါ့။

ယောက်ျားသန့်ရှင်းဖြူစင်သလောက် မိန်းမကတော့ "သားကို သခင်လင်ကိုဘုရား" မည်ညစ်ပေတေလာတော့တာပဲ။ အဝတ်လျှော်ရလွန်းလို့ ပဲကြီးရေပွဖြစ်လာတဲ့လက်ကိုကြည့်ပြီး

"မင်းကလည်းကွာ၊ လက်ကြီးက ရှုံ့စရာကြီး" တဲ့။

အစားစားတော့လည်း အိမ်အလုပ်တွေ မြန်မြန်ပြီးစီးဖို့၊ သုတ်သုတ်စား၊ သုတ်သုတ်သွားရတော့၊ အပျိုဘဝသူမြင်ခဲ့တုန်းကလို မလှပတော့ဘူးပေါ့။

"ဘယ်လိုဖြစ်နေတာလဲ၊ အစားကြမ်း၊ အနေကြမ်းတမ်းလိုက်တာ ဒီလိုမှန်းသိရင် မယူပါဘူး"တဲ့။

သူနားမှာ "မေမေလေး" လုပ်ချင်နေကြသူတွေက အများကြီးပေါ့။ "မေမေလေး" တွေက အပျိုလေးတွေဆိုတော့ လှမှလှ၊ ရွှမှရွှပေါ့။ ကျွန်မကတော့ ရွတ်တွနေပြီ၊ သူ့အတွက်ပေးဆပ်ခဲ့ပြီးပြီ၊ ဒါပေမဲ့ ယောက်ျားကနားမလည်ပါဘူး။ ရွှရွှနဲ့လှလှလေးတွေကို သူစိတ်ဝင်စားနေတာ ကျွန်မသိပါတယ်။

မိန်းမဘဝဟာ သိပေမယ့် မသိချင်ယောင်ဆောင်ပေးရပါတယ်။ "မေမေလေး" လောင်းလှာတွေကိုလည်း ထိပ်တိုက်မတွေ့ပါဘူး။ လိုက်ရှာညီတွေ ဆက်ဆံ


www.burmeseclassic.com

www.burmeseclassic.com



ပေးရတယ်။ သူ့စိတ်လည်မသွားအောင်လည်း အလှလေးပြင်၊ မိတ်ကပ်လေးဖို့ပြီး ဟန်ဆောင်ပြုံးလေး မကြာခဏ ပြုံးပေးရပါတော့တယ်။

ကလေးသုံးယောက်ရတော့လည်း မကွာမကွဲရအောင် ကျွန်မကပဲ ဆွဲထားရတာပေါ့။ ခုတော့ Lady Second မဖြစ်ရလေအောင် ကြိုးစားရတာက အိမ်ထောင်တစ်ခု စထောင်ရတာထက် ခက်ခဲပါတယ်။ "မေမေလေး"ကို သွားကြွမ်းပြလို့ကတော့ သူဘက်ပါသွားမှာပေါ့။

ဒါကြောင့် အရင်ထက် နူးညံ့မှု ချစ်ပြကြရတာပေါ့။ မသိလို့မဟုတ်ပေမယ့် မချိလို့ ပြုံးကြရတာပါ။ ကျွန်မကတော့ ခုထိ ယောက်ျားတွေကို မယုံပေါင်း မိန်းမကို ဦးစားပေးပြီဆိုရင် သတိသာထားကြတော့၊ အပြင်မှာ ခြေရှုပ်တော့မယ်ဆိုတာ။

Woeman World Jornal, Wednesday 12, September , 2012

❐ ❐ ❐



# သားကို သခင် လင်ကိုဘုရား

"ယောက်ျားကို အသည်းစော်ထည့်လို့
ကြက်မိုးကို ကိုက်နေတတ်သော မိန်းမတွေပါ..."

www.burmeseclassic.com

www.burmeseclassic.com





မြန်မာ မိန်းမတွေဟာ အစဉ်အလာက သင်ကြားပေးခဲ့ကြလို့ "သားကို သခင်၊ လင်ကိုဘုရား" ဆိုတာ နှလုံးသားထဲမှာ ရှိနေတာပါ။ အလိုလို နေရင်း ခေါက်ရိုးကျိုးနေကြတာပါ။

မြင့်မြတ်တဲ့ ယောကျ်ားတွေကို ဦးချအိပ်တတ်တဲ့ မြန်မာမိန်းကလေးတွေရဲ့ ထုံးစံအတိုင်းပဲ ယောကျ်ားစားကြွင်း စားကျန်ဆိုတာကိုသာ စားကြပါတယ်။ သားကို ကြက်သားထွင်ပေးပြီး ယောကျ်ားကို အသည်းဖတ်ထည့်လို့ ကြက်ရိုးကို ကိုက်နေတတ်သော မိန်းမတွေပါ။

ထမင်းပွဲပြီးပြီဆိုရင် လက်ဆေးလှော့ကိုပါ ထိုးပေးပါတယ်။ လက်သုတ်ပဝါ အရင်ချပေးမိရင် စိတ်ဆိုးတတ်တဲ့ အိမ်ဦးနတ်တွေကိုလည်း တွေ့ရတတ်ပါတယ်။ အိမ်ထောင်ကွဲ၊ အိမ်ထောင်ပျက်တာဝကို စိုးရိမ်ကြောက်ရွံ့ပြီး တစ်သက်လုံး အရိုက်အနှက်ခံခဲ့တဲ့ မိန်းမတွေလည်း တွေ့ကြရပါတယ်။

ရေလဲပုဆိုးပုံချခဲ့တာကို လျှော်ဖွပ်၊ မီးပူတိုက်ပြီး ခေါင်းနအိပ်ကာ တန်ဖိုးထားရတဲ့ ယောကျ်ားပါ။ ယောကျ်ားမျက်နှာညှိုး၍ နောက်တစ်ယောက်ပြောင်းမှာစိုးလို့ ဖျာယာခတ်ခဲ့ရတာ မိန်းမတွေပါ။

ထားရာနေ၊ စေရာသွားလို့ ယောကျ်ားအလိုကျ ဆောင်ရွက်နေပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



အလိုကို မကျနိုင်တာ ယောက်ျားပါ။ အထူးသဖြင့် မိန်းမတွေ ခေတ္တကိုယ်ဝန်ဆောင်ချိန်မှာ သည်းမခံနိုင်ကြတာလည်း ယောက်ျားတွေပါ။

မိန်းမဘဝက ချက်ရင်း ပြုတ်ရင်း ရုန်းကန်လှုပ်ရှားရင်းနဲ့ တုံးသထက်တုံးလာကြပါတယ်။ ညံ့သထက်ညံ့လာကြပါတယ်။ စာမဖတ်၊ ဂျာနယ်မဖတ်တော့ဘာမှလည်း မသိတော့ပါ။

"အမေကလည်း ညံ့လိုက်တာ" လို့ သားလုပ်သူက ပြောလာပါတယ်။ ခေတ်မီစမတ်ဖုန်းကို အမေမသုံးတတ်တော့ပါ။ တယ်လီဖုန်းကို ပြောင်းပြန်ပြောတော့ သားလုပ်သူရယ်ပါတယ်။ ကွန်ပျူတာမနှိပ်တတ်တော့ အမေက ညံ့လိုက်တာ၊ အမေ့အရွယ်တွေ လက်တော့(ပ်)ကိုင်နေပြီလို့ ပြောပြန်ပါတယ်။

ဘယ်လိုပြောပြော သားပြောသမျှက မှန်နေတော့ အမေငြိမ်နေရတော့တယ်။ သားက သခင်ပါပဲလေ။

ယောက်ျားလုပ်တဲ့သူကလည်း မိန်းမစမိခေါင်းမီးပြီဆိုလျှင် သူကဗျာစာအုပ်ထုတ်ဖို့ပဲ ချောင်းနေတော့တယ်။

အိမ်ထောင်ကျခါစက "နွေဦးရဲ့ အိမ်မက်ချို" ဆိုတဲ့ ကဗျာစာအုပ်စိတ်ကူးယဉ်ပြီး ထုတ်တယ်။ မျက်နှာဖုံးကို ဆရာကြီး ပန်းချီအောင်စိုးကို ရေးခွဲခိုင်းတယ်။ ဆရာကြီးကလည်း စေတနာနဲ့ ရဲရဲနီနေတဲ့ နေမင်းကြီးနဲ့ ဖရဲသီးပုံခွဲပေးလိုက်တယ်။ ဒါပေမဲ့ အဲဒီခေတ်က တရုတ်ပိတ်စာကလွဲရင် အနီရောင်မသုံးရတော့နေမင်းက အနီတွေရိုက်ပြီးသားကို ပြန်ပြီး ရိုက်ရတယ်။

နေမင်းကြီးက မှုန်စိုကြီးဖြစ်ပြီး နွေဦးရဲ့ အိပ်မက်ချိုက အိမ်မက်ချဉ်တွေဖြစ်သွားတော့တယ် ဆိုကြပါစို့။

ကဲဆိုပြီး မိန်းမလက်ကောက်တစ်ကွင်း ပြုတ်သွားခဲ့တယ်။ ခုလည်းယောက်ျားဖြစ်သူက စာတွေပြန်ရေးနေတယ်တဲ့။ များလာရင် စာအုပ်ထုတ်ဦးမယ်တဲ့ရှုံးဦးမယ်။ ကုန်ဦးမယ်။

"အေးလေ ငါ့ရှင်ဘုရင် ဘယ်နှစ်ပတ် လှည့်လှည့်ပေါ့"

ခွဲကြိုးလေး သိမ်းပေးထားတာ စိတ်ချရမယ်။ ယောက်ျားစာပြန်ရေးနေပြီလေ။

Woeman World Jornal, Wednesday 30, May ,2012

❑ ❑ ❑



# လင်ကောင်း သားကောင်း

"မင်္ဂလာဆောင်တာပဲကျွာ
တိုက်ပုံလေးကောက်စွပ်လိုက်ရင်ပြီးတာပဲ တဲ့..."

www.burmeseclassic.com

www.burmeseclassic.com






"သား ကောင်းဖြစ်ရင်၊ လင်ကောင်းမဖြစ်နိုင်ဘူး" အမေက ဘယ်လိုမှာခဲ့မှာခဲ့ ကျွန်မကတော့ သူ့တစ်မျက်နှာ တစ်ရှာထင်ခဲ့တာပါ။ သူ့တို့သား တွေက မိဘအပေါ်အရှမ်းရှိသေကြတော့၊ ကျွန်မလေးစားမိတာပေ့ါ။

သားတွေက အမေ၊ အဖေကို မျက်စောင်းတစ်ချက်အထိုးမခံဘူး။ မျက်နှာ ညိုမှာ စိုးကြောက်တဲ့သူလေ၊ ဘယ်လောက်ချစ်စရာ ကောင်းလိုက်သလဲ။ မင်္ဂလာ ဆောင်ရအောင်ပြောတော့ သူက သူ့မိဘကိုမပြောရဲဘူး။ ကျွန်မကပဲ သူ့ဦးလေး ကနေတစ်ဆင့် နားဖောက်ခဲ့ရတာ။

"မင်္ဂလာဆောင်တာပဲကွာ၊ တိုက်ပုံလေးကောက်စွပ်လိုက်ရင်ပြီးတာပဲ"တဲ့။ ဟုတ်လည်း ဟုတ်တယ်။ သူ့အဖေကြီးက တိုက်ပုံလေးကောက်စွပ်ပြီး မင်္ဂလာပွဲကို ကျင်းပပေးခဲ့တော့တာပဲ။ သူကတော့လခ အကုန်အပ်ခဲ့တဲ့ သားလိမ္မာဆိုတော့ ဘယ်ငွေရှိမှာလဲ၊ မင်္ဂလာပွဲမတိုင်မီကလည်း

"ငွေလက်ဖွဲ့နော်၊ ပစ္စည်းမဖွဲ့နဲ့" လို့ပြောကြတာ ဘာပါလိမ့်လို့ သူဘာ မပေါက်ခဲ့ဘူး။ ခုမှသိတယ်။ မင်္ဂလာပွဲမှ မပြီးသေးဘူး။ လက်ဖွဲ့ငွေဖလားတွေတော်ကို သိမ်းပြီး ကုန်ကျစရိတ်နုတ်လိုက်တာ ကျွန်မတို့လင်မယား လက်ထဲလက်ဖွဲ့ဖန်ခွက် တွေပဲ ကျန်ရစ်ခဲ့တော့တယ်။


www.burmeseclassic.com

www.burmeseclassic.com



ယောက္ခမ မင်္ဂလာဆောင်ပေးပုံကို ကျွန်မအဖေက မျက်ရည်ကျပေမယ့် ကျွန်မကကရုမစိုက်ပေါင်။ ပျော်ပျော်ကြီး သူတို့အိမ်ပေါ်ကို တက်ခဲ့ကြတော့တာပဲ။ အိမ်ပေါ်ရောက်ရောက်ချင်း ယောက္ခမသင်ခန်းစာ ပေးလိုက်ပုံက

"ရော့တံမြက်စည်းလှည်း" တဲ့၊ တံမြက်စည်းထိုးပေးလိုက်တယ်။ ရှေးလူကြီးများ ချွေးမရွေးတော်ပုံများဆိုပြီး ကျွန်မစိတ်ထဲကနေ ချီးကျူးနေမိတယ်။ လင်မယားနှစ်ယောက် ပူးတွဲနေရင်လည်း အမြင်မတော်မနေရဘူးလို့ ဆုံးမတတ်သေးတယ်။ ထမင်းချက်၊ ငရုတ်သီးထောင်းအားလုံး စမ်းသပ်ခံရပေမယ့် ကျွန်မကတော့ ပျော်တယ်လေး ပျော်တယ်ပေါ့ပေါ့။

သူက ချစ်စခင်စကြင်နာစမို့ ပန်းကန်ဆေး၊ ခွက်ဆေးလုပ်တော့ သူ့ရဲ့အမေ (ကျွန်မယောက္ခမ) ကခေါ်ပြီး "ယောက်ျားလေးက ယောက်ျားလေး အလုပ်လုပ်၊ မိန်းမအလုပ်ဝင်ကူလုပ်တာ စီးပွားမရှာတတ်တဲ့သူတွေ၊ စီးပွားပဲရှာ၊ ပန်းကန်မဆေးနဲ့" တဲ့။ သားကလည်း လိမ္မာရှာပါတယ်။ အဲဒီနေ့ကစပြီး ကျွန်မကို မကူညီတော့ဘူး။ စီးပွားရေးကလည်း ခွဲမထားတော့ အပြင်အလုပ်ကိုစွဲဆိုရင် သူ့မိဘပေါ့။ ကျွန်မကတော့ သူ့လခလေးတော့ရပါတယ်။ မလောက်မငပေါ့။

လင်မယားနှစ်ယောက်၊ စားချင်တာလေး အခန်းထဲမှာ ဝှက်စားရတယ်။ တစ်နေ့ဘဲကင်ဝှက်စားနေတာတွေ့တော့ "ချစ်ရကောင်းလိုက်တာ သားသမီးမွေးရကျိုးနပ်တယ်" ဆိုတာနဲ့ ကျွန်မတို့ ဝှက်မစားရဲကြတော့ဘူး။ သူငွေလေးစုဆောင်းပြီး ပြင်ပလုပ်ငန်းလေး လုပ်ပြန်တော့လည်း "အိမ်ကြီးပေါ်အိမ်ငယ်ဆောက်၊ လှေကြီးပေါ်လှေငယ်ဆင့်" မလုပ်ရဘူးလို့ ပြောပြန်တယ်။ အပြောမှာတော်တော်တော်တဲ့ ယောက္ခမ။

ကျွန်မတို့ အတူနေတာကြာလာတော့ ကျွန်မမိသားစုဖြစ်လာပြီ။ မနက်လေးနာရီထမင်းချက်၊ သူ့ညီတွေအတွက် ထမင်းဘူးပြင်ပေးပြီး တစ်အိမ်လုံးစာ မီးပူတိုက်၊ အဝတ်လျှော်လုပ်ပေးလိုက်တော့၊ သူတို့အိမ်ဖော်မလိုတော့ဘူး။ အိမ်ဖော်အစား ချွေးမတစ်ယောက် ရောက်လာပြီလေ။

ခုတော့ပြဿနာတက်ပြီ။ ကျွန်မကိုယ်ဝန်ရလာတော့ ရုပ်ရှင်ထဲမှာလို ပျော်လိုက်ကြမလားမှတ်တယ်။ ကိုရီးယားကားထဲကလို "မြေးချော့ချင်ပြီ" လို့မှတ်တယ်။ စောစောစီးစီးအိမ်ထောင်ကျခါမှ ကိုယ်ဝန်တန်းယူရပုံမလားလို့ ကန့်ကွက်ကြတယ်။ တော်သေးရဲ့ မဖျက်ဆီးခိုင်းလို့ ကျေးဇူးတင်ပါတယ်။

ဗိုက်ကြီးတာပြပြနဲ့ ကုန်းရုန်းလုပ်ပေးတာ နေ့စေ့လစေ့ရောက်တဲ့ အထိပါပဲ။





သမီးငယ်လေးမွေးပြီးလို့ အိမ်ပြန်ရောက်ရောက်ချင်းပဲ "ညည်းကလေးထိန်းဖို့တို့ မအားကြဘူး။ အမေ့အိမ်ကို ခြောက်လလောက် သွားနေလိုက်၊ မောင်မိုး လိုက်ပို့ပေးလိမ့်မယ်တဲ့"

ကျွန်မအမေ့အိမ်ကို သမီးလေးနဲ့ပြန်တက်လိုက်ရတယ်။ အမေကတော့ မျက်ရည်ကြီးစီးကြီးပြီး "ရခါတော့ ပျော်တယ်ပေါ့ပျော်တယ်ပေါ့နဲ့ ယောက္ခမအိမ်တက်သွားလိုက်တာ၊ ခုတော့ကလေးပိုက်ပြီး အမေ့အိမ်လေးဖက်ထောက်တက်ရတာပေါ့ သမီးရယ်" တဲ့။

ကျွန်မလင်ကောင်း၊ သားကောင်းရလာပုံကို ပြောပါတယ်။

Woeman World Jomal, Wednesday 6, February , 2013

□ □ □




www.burmeseclassic.com

www.burmeseclassic.com


# ယောက်ျား=ဟောက်စား

“သူကတော့ အိမ်မှာသိမာန်ချိုးပြီးနေတာ သူ့ကိုဆရာမလုပ်နဲ့
‘မိုးပေါ်က ပဝါငါးပိး တို့အပေါ်ဆရာမရှိ’ထဲကပဲ…”




www.burmeseclassic.com

www.burmeseclassic.com

“မင်း မသိပါဘူးကွာ”

ယောကျ်ားရဲ့ အမြဲတမ်းပြည့်တွန်သံပါ။ ယောကျ်ားက ကျွန်မဘာလုပ်လုပ် ကျေနပ်ဟန်မတူဘူး။ ကျွန်မကလည်း မသိတာများနေတတ်တာ၊ တော်သေးရဲ့ မြို့မှာမွေးပြီးဘွဲ့ကလေးရခဲ့လို့ အနှိမ်မခံရတာ၊ ညှို့သည်လာလို့မှစကား မဖြတ်တတ်ရင် သူကဆူရော၊ ဒီစကားဒီလိုပြောပါလား။ ဟိုစကားဟိုလိုပြောပါလားနဲ့။

သူကတော့ အိမ်မှာဆိုမာန်နှိပ်ပြီးနေတာ။ သူ့ကိုတေရာမလုပ်နဲ့ “မိုးပေါ်က ပေါင်မိတို့အပေါ်ခေရာမရှိ”ထဲကပဲ၊ သူ့ရှေ့ညည်းသည်မလာပါစေနဲ့ ဆုတောင်းနေရတာ။ သူ့ရှေ့မှာ စကားပြောရတာ မလွတ်လပ်ဘူး၊ သူငယ်ချင်းတွေနဲ့ရယ်ရင်ရယ်ပြီးပြီး ပိုလည်းပိုပြီးပြီးနဲ့။

ယောကျ်ားရဲ့ပေါက်စားကတော့ တောက်ကြွားပါရဲ့ ကလေးတွေ ကအစအားလုံးငြိမ်သက်နေကြတာပဲ။ ကလေးတွေကလည်း ဖအေဆိုတော့ ကြောက်ကြတာပေါ့။ တိတ်ဆိတ်နေတာပါပဲ။

“အိမ်အလုပ်——ဖနောင့်နဲ့ပေါက်ရင်တောင်ပြီးတယ်” ယောကျ်ားက ကျွန်မကို ဒီအတိုင်းပြောပေမယ့်၊ အိမ်အလုပ်ကို သူလုပ်တာတစ်ခါမှမရှိခဲ့ဘူး။ အိမ်အလုပ်ကို ကူဖို့ပြောလေတော့။ “အိမ်အလုပ်က ယောကျ်ားအလုပ်မဟုတ်ဘူးတဲ့၊ ယောကျ်ားတံမြက်စည်းလှည်းတာ အရှက်ပစ်တာ၊ ပန်းကန်ဆေးတာ တစ်ခုမှ မရှိဘူး။ ဒါပေမဲ့ သူ့အပြောကတော့ အိမ်အလုပ်ဆိုတာ ဖနောင့်နဲ့ပေါက်ရင်တောင်ပြီးသတဲ့၊ ဖနောင့်နဲ့ကိုမပေါက်ဖြစ်လို့ ကျွန်မတစ်ယောက်ထဲ အိမ်အလုပ်တွေ လုပ်နေရပါတယ်။



BURMESE CLASSIC

အိမ်မှာခွင့်ရက်မပျက် အိမ်အလုပ်လုပ်နေရတာ၊ ဖျားရင်တောင် ဆေးသောက်ပြီးလုပ်နေရတယ်။ ကလေးကိုထိန်းတာကအစ၊ ယောကျ်ားကလေး မချိုဘူးတဲ့။ ကလေးနို့နို့အရွယ်တုန်းက အိမ်ရှေ့ပျက်လို့ ပင်ပန်းနေလည်း ယောကျ်ားကပေါက်ပြီးအိမ်နေလေရဲ့၊ ယောကျ်ားအလုပ်ထဲမှာ အဆင်မပြေလာရင် မျက်နှာက လငပုတ်ဖမ်းသလိုပဲ။ ညီမည်ပြီးပြန်လာတယ်။ မိအခါအားလုံးက မျက်နှာချိုသွေးကြရတယ်။ အရိပ်အကဲကြည့်ပြီး သူပျော်အောင်လုပ်နေကြရတယ်။ မအားရတဲ့ကြားကကျွန်မ မိတ်ကပ်လိမ်းပြီး နှုတ်ခမ်းနီဆိုးပြရတော့တာပေါ့။

ယောကျ်ားမျက်နှာသာလာရင် ကြည့်ပြီးတော့ဆိုကြရသလို၊ မသာမယာဖြစ်လာရင်လည်း နောက်ဆုတ်ခစားကြရပါတယ်။ ယောကျ်ားတစ်ယောက်ရဲ့ မျက်နှာဟာ အိမ်ရဲ့သာယာမှုပါပဲ။ အိမ်မှာယောကျ်ားအလုပ်လည်း ကျွန်မ၊ မိန်းမအလုပ်လည်း ကျွန်မပါပဲ၊ မိန်းမတ ယောက်ရတာဆိုတာ အိမ်ဖော်တစ်ယောက် ရသွားတာပါပဲ။

လခကိုအကုန်အပ်ပြီး အကုန်ပြန်ရအောင် တောင်းတာကလည်း ကျွန်မယောကျ်ားရဲ့ အတတ်ပညာပါပဲ။ မိန်းမမှာ သုံးစရာမရှိတော့လို့ ရှာပေးဖို့ကတော့ မစဉ်းစားပါဘူး။ သူသုံးစရာလိုရင် ပေါင်၊ နှံ၊ ချေး၊ ငှား ရှာပေးရတာကျွန်မပေါ့။ သူကတော့ပြောရှာတယ်။ လခအကုန်အပ်သားပဲ။ အောက်ဆိုက်ကတော့ ရိုးရိုးသားသားမို့ မရှာတတ်ဘူးတဲ့။ ကျွန်မယောကျ်ား ရိုးသားတာကတော့ အလုပ်ခွင်မှာ ကြိုးစားပြီး၊ အိမ်မှာ ပင်ပန်းပြတော့ အိမ်ရှိလူကုန်နှိပ်နယ်ပေးကြရသေးတယ်။ အိမ်အလုပ်လုပ်တဲ့ ကျွန်မကတော့ ကိုယ့်ဇက်ကြောကို ကိုယ်ဆွဲနေတော့တာပေါ့။ ယောကျ်ားကလခအပ်တယ်ဆိုတာ ပြန်ယူတာ၊ ကျွန်မကလခ(ပိုက်ဆံ) ရအောင်ရှာပေးပြီး အိမ်အလုပ်ကို အခမဲ့ လုပ်ပေးနေရတာလေ။

တစ်ခုတော့ရှိတယ်၊ ယောကျ်ားရှိတော့ အားရှိတာပေါ့။ ယောကျ်ားမရှိတဲ့အိမ်ဟာ တံခွန်မရှိတဲ့ဘုရားလိုပါပဲတဲ့။ ယောကျ်ားရင့်မာကြီးတစ်ယောက် အိမ်ရှေ့ထိုင်နေတော့ တင့်တယ်တာပေါ့ ရေတင်၊ ရေခပ် သူမလုပ်ပေးတာကလွဲရင် အားကိုးရတာပါပဲ။ ယောကျ်ားပြန်လာပြီဆိုရင် ခူးခပ်ကျွေးမွေး ပန်းကန်ဆေးရတာလည်း ကျွန်မအတွက် အရသာ တစ်ခုပါ။ အရသာဆိုတာ ယောကျ်ားကို ပြုစုခြင်း ဖြစ်မှာပါ။ ယောကျ်ားမျက်နှာ သုန်မှုန်နေတာထက်၊ ပြုံးနေတာက ကျွန်မကိုဘဝင်ကျစေမှာပါ။ မိန်းမတွေက ဘယ်လောက်ပင်ပန်း ပင်ပန်း ယောကျ်ားစားကောင်းတယ်၊ ငါ့မိန်းမတော်လိုက်တာလို့ ပြောရင် ကျေနပ်နေကြရတာပါ။ မိန်းမတွေက ပင်ပန်းလွန်းလို့ ယောကျ်ားကို ခဏသွင်တန်းသွားတက်နိုင်းရင်တောင် ပြောနေကျတဲ့ စကားက “ငါမရှိရင် မြစ်ဖေသေားကွ”တဲ့။

□ □ □

www.burmeseclassic.com



# မိခင်စိတ်ဓာတ်

" ကျောင်းဆိုတာ စာသင်တဲ့နေရာသက်သက်လို့ပဲ
သတ်မှတ်ကြတယ် မဟုတ်ပါဘူး … "

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com



ကျောင်း ဆိုတာ တသင်တဲ့နေရာသက်သက်လို့ပဲ သတ်မှတ်ကြတယ်။ မဟုတ်ပါဘူး။ ဘဝကိုပြင်ပေးရတဲ့သိန်းကျောင်းပေးရတဲ့ နေရာဖြစ်ပါတယ်။ ဘဝပေါင်းများစွာ မတစ်ရာသားပေါင်းများစွာကို သွန်သင်ပဲ့ပြင်မြှင့်တင် ပေးနေရပါတယ်။

မိကွဲ၊ ဖကွဲ၊ မိမဲ့၊ ဖမဲ့များကိုလည်း ကျောင်းကလက်ခံ သင်ကြားပေးရပါတယ်။ မိကွဲ၊ ဖကွဲ ကလေးများဟာ စိတ်ခံစားမှုအခြေအနေမတူညီကြပါ။ မိဖုံနဲ့ မတူညီနိုင်ကြပါ။ ဒါကြောင့်မိကွဲ၊ ဖကွဲကလေးများကို Problem Child လို့ ခေါ်တွင်ခဲ့ကြတယ်။

ငိုင်တာ၊ မှိုင်တာကအစ၊ ရန်ဖြစ်တာ၊ အလိုမကျတာ၊ စာမကျက်နိုင်တာ၊ ကျောင်းပြေးတာကအစ ဖြစ်တတ်တာမို့ အများက Child With Problem လို့ခေါ်ကြဖို့ ပြောင်းလဲပြောဆိုတာကိုလည်း မှတ်မိနေပါတယ်။

မိကွဲ၊ ဖကွဲ၊ မိမဲ့၊ ဖမဲ့ ဖြစ်ကြရတာက အမှန်တော့ ကလေးကြောင့်ဖြစ်တဲ့ပြဿနာမဟုတ်ပါဘူး။ နယ်မြေလုတဲ့အတွက် ပညာမာနပြိုင်ကြတဲ့အတွက် စီးပွားရေးပြိုင်ကြတဲ့အတွက် ယောက္ခမ၊ ယောက္ခထီးတွေကြောင့် စတဲ့အကြောင်းများစွာကြောင့်အခုံမှာ ကွာရှင်းမှုများဖြစ်လာကြပြီး ဒဏ်ခံများကတော့ ကလေးသူငယ်များ ဖြစ်ကြပါတယ်။

အပြစ်မဲ့တဲ့ကလေးငယ်တွေ ကျောင်းရောက်လာကြရင်ဖြစ်ဖြစ်၊ ပတ်ဝန်းကျင်မှာ တွေ့ရင်ဖြစ်ဖြစ်၊ ကလေးငယ်တွေကို အကြင်နာတွေနဲ့ ပျိုးထောင်ပေးသင့်ပါတယ်။

ကလေးများအနေနဲ့ အမိမရှိလို့ဖြစ်ဖြစ်၊ အဖမရှိလို့ဖြစ်ဖြစ်၊ မိခင်စိတ်ဓာတ်နဲ့





နွေးနွေးထွေးထွေး ရင်ခွင်ပိုက်ပေးကြရမှာ ဖြစ်ပါတယ်။ ယောက်ျားရင့်မာကြီးက မိခင်စိတ်ဓာတ် ဘယ်လိုထားရမှာလဲဆိုပြီး အံ့ဩနေကြမှာပါ။ ဘယ်သူမဆို မိခင်က မွေးဖွားခဲ့ကြတာပါ။ မိခင်စိတ်ဓာတ်ကို မိခင်ဆီက ရယူအတုခိုးကြရမှာပါ။

မိခင်ဆိုတာ သားသမီးကန်ကျောက်တာ၊ သားသမီးဆိုတာ ချိုးပေးရတာ၊ အနှိပ်တာခံရတာတွေဟာ ဆရာရော၊ ဆရာမတွေရော အားလုံးဆီမှာ ရှိသင့်ကြတာပါ။

ဖခင်တွေက ငွေရှာရတာပင်ပင်ပန်းပန်း ရွှန်းစားရတာတွေက သူ့ရဲ့ ဂုဏ်သတ္တိတွေပါ။ ဖခင်ဆိုတာအလုပ်များကြတာကြောင့် ဆုပေးပွဲတွေဆိုရင် မိခင်တွေကများပြီး ဖခင်တွေက မလာကြတာများတယ်။ တချို့လည်း မိဘနှစ်ပါးလုံးကြပါတယ်။ မလာနိုင်ကြတာများတယ်။ ဘာပဲပြောပြော ဖခင်မှာလည်း ဂုဏ်ယူစိတ်ရှိနေမှာပါ။

မိခင်ကတော့ အမြဲပါနေတတ်ပါတယ်။ အမိမဲ့နေရင်တော့ အဖက ဒုတိယတာဝန်ကို အမိအစားတာဝန်ယူရမှာပေါ့။ အဘတို့ ဆရာတွေလည်း အမိအစားတာဝန်ယူအားပေးလို့ ရနိုင်ပါတယ်။ ဒီလိုပဲ မိဖုမဲ့ရှိပြီး ကိုယ်အင်္ဂါချို့တဲ့တဲ့ ကလေးတွေ (IE) လို့ခေါ်တဲ့ မသန်စွမ်းကလေးတွေကိုလည်း အားပေးသင်ကြားကြရတယ်။ လက်မရှိပေမယ့် ခြေနဲ့ရေးပြီး ထူးချွန်ခဲ့ကြတဲ့ "စုပုံချစ်" တို့လို သမီးလေးမျိုးတွေ၊ မျက်စိမမြင်ပေမယ့် ထူးချွန်စွာ စာမေးပွဲအောင်နိုင်တဲ့ ကလေးတွေ ပေါ်ထွန်းခဲ့ကြတာလည်း မိခင်စိတ်တွေ ကြောင့်ပါ။ ဘဝဆိုတာ ပြည့်စုံမှ ဘဝမဟုတ်ပါဘူး။ ဘဝကို ပြည့်စုံအောင်လုပ်နိုင်မှ ဘဝပါ။ ဘဝကိုကူညီချင်တဲ့ စေတနာရှင်တွေလည်း နေရာဒေသအသီးသီးမှာ ပေါ်ထွန်းလာခဲ့ကြပါပြီ။ ပန်းတိုင်းပွင့်ပြီး ပွင့်တဲ့ပန်းတိုင်းမွှေးစေချင်တာက ဆရာ၊ ဆရာမများရဲ့ စေတနာပါ။

World vision Myanmar က ဆောင်ပုဒ်အဖြစ်နဲ့ "စုံလင်ပြည့်ဝဘဝများ ကလေးငယ်တိုင်း ရစေသား။ နှလုံးသားတိုင်းခံယူရန် တို့များအမြဲ ဆုတောင်းပန်" လို့ဖော်ညွှန်းခဲ့ပါတယ်။ ဘဝတွေပြည့်စုံဖို့ ပြည့်စုံတဲ့သူတွေကလည်း ကူညီကြရမှာပါ။ အကြောင်းအမျိုးမျိုးကြောင့် မပြည့်စုံကြရတဲ့ ကလေးများကလည်း အားငယ်စိတ်ဖျောက်ပြီး ဘဝကိုဖြစ်သလိုမတည်ဆောက်ဘဲ ဘဝကိုဖြစ်အောင် တည်ဆောက်မယ်ဆိုတဲ့ စိတ်ဓာတ်ထားရှိကြရပါမယ်။

အဘတို့ကလည်း မိခင်စိတ်ဓာတ်ဆိုတာကို မွေးမြူရင်း သူတို့လေးတွေရဲ့ မပြည့်မစုံတဲ့ဘဝတွေကို စုံလင်ပြည့်ဝဘဝများဖြစ်အောင် ဖန်တီးပေးကြရမှာလို့ ထင်ကြောင်းပါ။ *ယဉ်ကျေးလိမ္မာ၊ ၂၀၁၂ ခုနှစ်၊ ဩဂုတ် (၁၄) ရက်*

□ □ □

www.burmeseclassic.com

# ရင်ခုန်တာ အချစ်လား

"အဘလည်းအဘမြေးအရွယ်လေးတွေကို
ရင်ခုန်ပြီးတော့ ကြည့်နေမိတယ်..."



www.burmeseclassic.com

www.burmeseclassic.com



“ဒို ——အေရီ”

ဝတ်မှုန်ရွှေရည်က လက်ကလေးကော့၊ နှုတ်ခမ်းလေးရွှေ့ပြတော့ ရင်ခုန်ရတာ အမှန်ပါ။

သည်ကလေးမလေးက ထက်ထက်မိုးဦးကို ဆက်ခံသူပဲ။ မျက်နှာအမူအရာ အမျိုးမျိုးနဲ့ရှုံ့ပြ၊ ရှုပြ၊ တွန့်ပြနဲ့သွက်လက်ချက်ချာလိုက်တာ၊ ပီဘိငယ်ဂုဏ်လေးပဲ။

မိုးယုစံ၊ စံရတီမိုးမြင့် အားလုံးလည်း တင့်တယ်ကြပါတယ်။ နောက်ပေါက် မင်းသမီးတွေကို အဘကမြေးမလေး မေးမေးပြီး ရင်ခုန်နေရတယ်။ တော်လည်းတော် လှလည်းလှကြတာကိုး။

အဘတို့ ခေတ်တုန်းကလည်း ခင်သီတာထွန်း၊ နွဲ့နွဲ့မူနောက်ပိုင်း တင့်တင့် ထွန်း၊ နန္ဒာလှိုင်အားလုံးလှကြတော်ကြတာပါပဲ။ မိုးမိုးမြင့်အောင်ရဲ့ နှလုံးသားရင်ခုန်သံ ဆိုရင် နှလုံးရပ်မတတ် ကြိုက်ခဲ့တာပါ။

အခု ခင်သီတာထွန်း၊ နန္ဒာလှိုင်တို့ဝလာ၊ လှလာလိုက်တာ အဘတော့ ခံစားလို့ မရနိုင်တော့ပါ။ အနုပညာ“ကဝေမကြီး” ဖြစ်တဲ့ မိုးမိုးမြင့်အောင်၊ အနုပညာ အစွမ်းတော့ ပြနိုင်ပါရဲ့။ အဘရင်ကို မခုန်စေတော့ပါ။ ထက်ထက်မိုးဦး အနုပညာတွေ ထက်သန်လာပေမယ့် ငယ်ငယ်က“ဒေဝ” လို့ကြော်ငြာတာကို အဘခုထိစွဲနေတုန်းပါ။

အဘတို့တွေ ရင်ခုန်ကြတာ အရွယ်တွေက စကားပြောဟန်ရှိပါတယ်။ အဘငယ်ငယ်က ဆရာကြီး တက္ကသိုလ်ဘုန်းနိုင်ရဲ့ “နွေကန္တာဦး”၊ “သူငယ်ချင်းလိုပဲ





ဆက်၍ခေါ်မည်နိုင်” တို့ဆို လက်ကမချချင်ခဲ့ပါဘူး။ အလယ်တန်းကျောင်းသား ဘဝမှာ လွယ်အိတ်ထဲကျောင်းစာအုပ်သာမပါတာ အဲ့ဒီဝတ္ထုနှစ်အုပ် အမြဲပါတယ်။ ဆရာမတွေရိုက်တာခံပြီး ရင်ခုန်ခဲ့ရတဲ့ စာအုပ်နှစ်အုပ်ပါ။

“သူငယ်ချင်းလိုပဲ ဆက်၍ခေါ်မည်နိုင်” ဝတ္ထုတွေထဲက ဇွယ်တော်ရွက်တွေကို လိုက်ရှာရင်းနဲ့ ဇွယ်တော်တွေလည်းကုန်၊ အပင်တွေလည်း ခြောက်ကုန်ရတာပေါ့။ အဲ့သည်လောက် ရင်ခုန်ခဲ့ရတာ။

အခု အဘကိုအဲ့ဒီစာအုပ်တွေ ပြန်ဖတ်ဖို့မပြောနဲ့ အနားမှာတောင် မထား တော့ဘူး။ ဆရာကြီးရဲ့အနုပညာကို အလေးမထားတာ မဟုတ်ဘူး။ အဘရင်က မခုန်နိုင်တော့တာ။ ဟိုတစ်နေ့က နွမ်ဂျာသိုင်းရဲ့တရားစာအုပ်တစ်အုပ်ဝယ်ခဲ့သေးတယ်။ ရင်ခုန်သံမြန်စေတဲ့ အချစ်စာရေးဆရာကြီး နွမ်ဂျာသိုင်းလည်း တရားဖက်နေပြီပေါ့ လေ။ မောင်စိန်ဝင်း(ပုတီးကုန်း)လည်း အဘရင်ကိုတလှပ်လှပ်ခုန်စေခဲ့တာပေါ့။ ခုတော့ တပင်တည်းရင်ထဲကနှယ်ကိုလည်း ခုတ်လှဲပစ်လိုက်ပါပြီ။ ချစ်သူရေ ရေမချိုးနဲ့ မင်းအသားတွေ ပွန်းပဲ့ကုန်ပါပြီလို့လည်း မတမ်းတနိုင်တော့ပါဘူး။

ဘာပဲပြောပြော အရွယ်တွေကစကားပြောလာတာကိုး။ အရင်က “အလှကို တာဝရ” ထင်ခဲ့လို့ တမ်းတမ်းတတ ဖြစ်ခဲ့တာ၊ ငယ်ရွယ်သူကိုး။ “သစ်ရွက်လှုပ်ရင် ရယ်ချင်နေတဲ့ အရွယ်” ဆိုတာ တကယ်ကြုံခဲ့ရဖူးတယ်။ အဲ့ဒီအချိန်တုန်းက လောကကြီးနှစ်ထပ်လောက်ကျော်ပြီး နင်းခဲ့တယ်။ ခုတော့အဘမှာ လောကကြီးတစ်ထပ် တစ်ထပ်ကို ခါးကုန်းပြီးတက်နေရပြီလေ။ ဘာပဲဖြစ်ဖြစ် “ငယ်ဂုဏ်” ဆိုတာတကယ်ရှိ တာ။ ငယ်ဂုဏ်ကို တာဝရလို့ ထင်နေကြတာ၊ အထင်မှားကြတာ၊ အမှုထုပ်တွေကိုး။ ဒါကြောင့်နှစ်သက်သမျှ ပွဲသိမ်းလို့ အဝိဇ္ဇာဖြစ်ကြတာ၊ မြေးမလေးတို့ကို သည်အချိန် မှာ ရှင်းပြလို့ ဘယ်နားလည်လိမ့်မလဲ။ အဘလည်း အဲဒီတုန်းကနားမလည်ခဲ့ပါဘူး။

ခုတော့—— ဝတ်မှုန်ရွှေရည်လေးလှတယ်၊ လန်းတယ်။ အဘကတော့ သူ့အမေပုံကြီးကိုပဲ မြင်မိတယ်။ မင်းသမီးပေါက်စလေးတွေကို ကြည့်တိုင်းသူတို့ အမေတွေချည်း မြင်နေတော့တာပဲ။ ဒါလည်း အရွယ်ပဲထင်ပါတယ်။

မြတ်စွာဘုရားက အဘတို့ကို ကရုဏာနဲ့ပဲ ကြည့်တော်မူတယ်။ အဘတို့က အရူးတွေပိုလား။ အဘလည်းအဘမြေးအရွယ်လေးတွေကို ရင်ခုန်ပြီးတော့ ကြည့်နေမိတာပါ။

အဲ့ဒါ——အချစ်လား။

Woman World, Wednesday 11, January, 2012

□ □ □



www.burmeseclassic.com

www.burmeseclassic.com

# ဘယ်လို ပြောရမလဲ

" ဆရာမလေးတွေ စာသင်ကျောင်းကြပါတယ်
ရွာထဲက အဆောင်ရောက်တော့ ဘောင်းဘီတိုလေးတွေနဲ့ . . . "





www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုပြောရမလဲ မသိဘူး" စားဝတ်နေထိုင်မှုမှာ တူတူတန်တန်ဆိုတာ ရှိတယ်၊ တူမှတန်တာကိုး။ တူတူတန်တန် မဝတ်စား မနေထိုင်တတ်ရင် မတူမတန်ဖြစ်နေမှာပေါ့။

ထက်မြက်ပြည့်စုံတဲ့ မိန်းမသားဖြစ်ဖို့ သပ်ရပ်၊ သွက်လက်နေရမယ်။ ဘဘရဲ့ ဆရာမကြီးက Smart and Sharp (စမတ်နဲ့ရှပ်) ဖြစ်နေရမယ်လို့ ဆုံးမခဲ့တယ်။ စမတ်(smart)မဖြစ်တဲ့ ထဘီစွန်တောင်ဆွဲနေရလို့ကတော့ ထက်မြက်သူ မဖြစ်နိုင်ဘူး။

ဆရာမကြီးက ပြောခဲ့တယ်။ တို့က မျက်စိကြည့်မှ သိတာမဟုတ်ဘူး။ နောက်ကျောနဲ့ကြည့်ရင်လည်း သိတာပဲ။ ခြေနင်းတဲ့အသံကစပြီး နားထောင်လိုက်ရင် အဆင့်အတန်းရှိမရှိ သိသတဲ့။

ပြောလို့ပြောတာမဟုတ်ဘူး ဆရာမကြီးက စည်းကမ်းကြီးလွန်းတော့ ဘဘတို့ငယ်စဉ်က သိပ်တည့်ကြတာမဟုတ်ဘူး။ ဖိနပ်ချွတ်ပုံကအစ သူကြည့်တာ၊ နှစ်ဖက်စုံညီအောင်ချွတ်ထားရင် သတိသမားတဲ့။ ဘယ်တစ်ဖက်၊ ညာတစ်ဖက် ချွတ်ထားရင် ဖြစ်ကတတ်ဆန်းသမားတဲ့၊ သူ့ရှေ့မှာ ချွတ်တာကအစ သတိထားခဲ့ရတယ်။

စည်းကမ်းကြီးတဲ့ ဆရာမကြီးတွေများ "ဘယ်လိုပြောရမလဲလို့" လိုက်ကြည့်နေတယ်ထင်တာ မဟုတ်ဘူး။ သူကိုယ်တိုင်က အနေအထိုင်၊ အပြောအဆို၊ အဝတ်အစား ကျစ်လျစ်တာကိုး။ ဘဘတို့ကတော့ သူ့ကို အပျိုကြီးမို့ ရစ်တယ်လို့



စွပ်စွဲခဲ့ကြတာပဲ။ သူ့ရှေ့ကို မနေရဲဘူး။ သူ့စည်းကမ်းကို မလိုက်နာနိုင်ကြဘူး။

ဒါကြောင့် ဆရာမကြီးက သွန်သင်တယ်၊ ဘဘတို့က စည်းကမ်းမဲ့ပြတယ်၊ စမတ်နဲ့ရှပ်ကနေ စမတ်နဲ့ပွပ်လို့တောင် အနောက်ပြောင်ခံခဲ့ရတယ်။ ခုတော့ သူ့ကျေးဇူးတွေကို ပြန်ပြီးသတိရနေတယ်။ တိုက်ပုံမဝတ်ချင်တဲ့ ဆရာကြီးလို့ အပြောင်ခံရတယ်။ ခေါင်းမဖြီး မုတ်ဆိတ်မသင်ဘဲ ဖြစ်ကတတ်ဆန်းနေတော့ ကျောင်းစောင့်နဲ့ အမှားခံရ၊ သူငယ်ချင်းတွေရဲ့ အဟားခံရနဲ့ ဖြစ်နေရတယ်။

ဘဘတို့ခေတ်တုန်းက ဆံပင်အရှည်ကြီးတွေထားကြတယ်။ ဘဘတို့က လည်း ထားချင်တယ်။ ဆံပင်ကုပ်ဝဲနဲ့ဆို သိပ်မိုက်တာပဲပေါ့။ ဆံပင်ရှည်ထားလို့ လမ်းသရဲ မဟုတ်ဘူးလို့ ပြောတော့အဖေက "လမ်းသရဲတိုင်းက ဆံပင်ရှည်ထားကြတယ်" လို့ ပြောဆို ဆုံးမခဲ့ဖူးတယ်။

သရုပ်ပျက်ဝတ်စားမှု၊ မိမိနဲ့မလိုက်ဖက်တဲ့ ဝတ်စားဆင်ယင်မှုတွေကတော့ မိမိရဲ့ဂုဏ်ကို ညှိုးစေမှာ အမှန်ပါပဲ။ ဆရာမလေးတွေ စာသင်ကောင်းကြပါတယ်။ ရွာထဲက အဆောင်ရောက်တော့ ဘောင်းဘီတိုလေးတွေနဲ့ နေကြတာ၊ အုတ်အော် သောင်းနင်း ဖြစ်ကုန်ကြရော။

အိုက်တော့အိုက်တာပေါ့။ ဆရာမဆိုတဲ့ဂုဏ်ကြောင့် ဘောင်းဘီတိုက ဝတ်ကိုမဝတ်သင့်တာပါ။ အဆောင်မှာဝါးကနဲ ရယ်လိုက်ကြတာ၊ အကျႌခါးပေါ်တာ၊ ဂါဝန်နဲ့နေတာကို ဘဘတို့က လူကြီးပိုင်းအနေနဲ့က ဆရာမလေးတွေကို ဆုံးမခဲ့ရတယ်။ တစ်ရပ်တစ်ရွာမှာ လူအထင်သေးမခံရအောင်ပေါ့။

ကျောင်းမှာဆံပင်ဆံထုံးထုံးရမှာ၊ ဘရာစီယာ မဝတ်ရမှာ၊ ဒေါက်ဖိနပ် မစီးရမှာတွေကတော့ ဆရာကြီးတွေပေမယ့် မပြောမပြီးမတီးမမြည်တွေပေါ့။ ထက်မြက်ပြည့်စုံတဲ့ မိန်းမသားတွေ ဘယ်လိုဝတ်စား ဆင်ယင်နေထိုင်ကြသလဲ၊ ကလက်တက်တက်၊ ပျက်တက်တက်၊ ဝတ်ကြ၊ ပြောကြ၊ နေကြသလား။ တည်တံ့ခိုင်ခံ့တဲ့ အနေအထိုင်တွေကို မိမိပတ်ဝန်းကျင်မှာ ရှာကြည့်ကြပါ။ အတုခိုးကြပါ။

အဆင့်အတန်းဆိုတာ ချမ်းသာကြွယ်ဝမှုနဲ့ မဆိုင်ပါဘူး။ နေတတ် ထိုင်တတ်မှုနဲ့သာ ဆိုင်ပါတယ်။ ဘဘကတော့ သွန်သင်ဆုံးမမှုတွေပေးပြီး ကွယ်လွန်သွားရှာပြီဖြစ်တဲ့ ဘဘဆရာမကြီး ဒေါ်သန်းသန်းသွယ်ကို သတိရလို့ ရေးလိုက်တာပါ။ တူအောင်တန်အောင် နေထိုင်ရင်း ဘဝကို လှလှပပ တည်ဆောက်ကြဖို့ "ဘယ်လိုပြောရင် ကောင်းမလဲ"။

Woman World, Wednesday 11, July, 2012

□ □ □




www.burmeseclassic.com

www.burmeseclassic.com

# မိန်းမကမ္ဘာနှင့်ကျွန်တော်

အုပ်ချုပ်ရေးပိုင်းမှာ ယောက်ျားအုပ်ချုပ်မှု ကောင်းသလို
ထက်မြက်တဲ့ မိန်းမအုပ်ချုပ်ရေးတွေလည်း ကောင်းမွန် ...





www.burmeseclassic.com

www.burmeseclassic.com



**၁၂** ဘာကမိန်းမကမ္ဘာနဲ့ အကျိုးပေးတယ်။ ပေးမှာပေါ့ ကျောင်းဆရာကို။ ဘာဘတို့ကျောင်းမှာ ဆရာမဦးရေလေးဆယ်ရှိရာမှာ ယောကျ်ားဆရာ (၃) ယောက်လောက်ပဲရှိတယ်။

မိန်းမတွေများတော့ ပစ်ပစ်များတယ်လို့ ပြောကြတယ်။ တစ်ယောက်တစ်ပေါက် ပြောကြတယ်တဲ့။ အငြိုးအဆိုင်များတတ်တယ်တဲ့။ အတင်းပြောကြတယ်တဲ့။ ကြွားဝါတတ်တယ်တဲ့။ မိန်းမတွေ မကောင်းကြောင်းကတော့ မဟာဓေဝ လင်္ကာကြီး ဖွဲ့ပြီးသွားတယ်။

မိန်းမတွေ စိတ်ရှည်တာ၊ အသေးစိတ်တာ၊ ကလေးချစ်တတ်တာ၊ အနွံတာခံတတ်တာတွေ၊ ဆရာကြီးကိုဆရာလုပ်တတ်တာတွေက အဘာကတော့ ချစ်နေတော့တာပဲ။ ယောကျ်ားဆရာနည်းတာကလည်း လွှတ်တော်ကတောင်အရေးတယူ ပြောရလောက်အောင် နည်းတာပါ။ ဒါကတော့ ကလေးများအတွက် စံပြဖခင် လောင်းတွေတာကယ်ကို လိုနေတာပါ။

မိန်းမကမ္ဘာထဲမှာ မိန်းမတွေကပြောတယ်။ ယောကျ်ားပီသတဲ့ ယောကျ်ား၊ မကြွားဝါတတ်တဲ့ ယောကျ်ား၊ အားကိုးရမယ့်ယောကျ်ားကို လိုချင်တယ်တဲ့။ ဒါနဲ့ ဆန့်ကျင်ဘက်တွေကို မလိုချင်ဘူးတဲ့။ ဒါဖြင့်ရင် ယောကျ်ားဆိုတာ ယောကျ်ား





ပီသတာပဲလား။ မကြွားဝါတတ်ဘူးလား။ အတင်းမပြောတတ်ဘူးလား။ အားကိုးမရှာတတ်ဘူးလား။ ထေ့ငါးနားခိုမစားတတ်ဘူးလား။

မိန်းမဆိုတာတွေကလည်း မိန်းမဖြစ်တာနဲ့ အတင်းပဲပြောနေတတ်တာလား။ အားကိုးပဲရှာနေတတ်တာလား။ ကြွားဝါတတ်တာလား။ အလှချင်းပဲ ပြိုင်နေတတ်တာလား။ ဘာဘကတော့ မိန်းမတိုင်းကို အဲဒီလို ဘယ်တုန်းကမှ မထင်ခဲ့ဘူး။ ထင်ရှားတဲ့မိန်းမ၊ ပြတ်သားတဲ့မိန်းမတွေ ယောကျ်ားထက်သာတဲ့ မိန်းမတွေ ရှိပါတယ်။

ဆရာမကြီး ငွေတာရီက -

"အိုဘယ့် ယောကျ်ား၊ ကြောက်ဘူးလား" တဲ့။ ကြောက်တတ်တဲ့ ယောကျ်ားတွေ၊ တွန့်ဆုတ်တတ်တဲ့ယောကျ်ားတွေ လောကကြီးမှာ ထုနဲ့ထည်နဲ့ပါ။ ဆရာမ ငွေတာရီ ရဲ့ ဘဝသတ္တိက ယောကျ်ားသတ္တိလေ၊ မိန်းမက ယောကျ်ားသတ္တိ ရှိတာတွေကို စာပေလောကမှာလည်း တွေ့ဖူးပါတယ်။

ဆရာမကြီး ဒဂုန်ခင်ခင်လေးက ယုဝတီဂျာနယ်ကို တည်ထောင်ခဲ့တယ်။ ကိုကိုလေးနာမည်နဲ့ ဝတ္ထုရေးခဲ့တယ်။ မိန်းကလေးတွေ ဝတ္ထုမကိုင်ရလို့ နိမ်ထားချိန်မှာ စာရေးဆရာဖြစ်အောင် လုပ်ခဲ့တယ်။ ယုဝတီဂျာနယ်မှာ ယောကျ်ားစာရေးဆရာကြီးတွေကိုယ်တိုင် ကလောင်နာမည် လိုချင်လွန်းလို့ ဝင်ရေးခဲ့ကြရတယ်။

တိုင်းရင်းမေဂျာနယ်ဆိုတာလည်း ဘာဘတို့ ငယ်ငယ်တုန်းက နာမည်ကြီးပါ။ Womaan's World က တိုင်းရင်းမေတို့ ယုဝတီတို့ကို မီအောင်လိုက်ရမှာပါ။ ထူးချွန်ထက်မြက်တဲ့ မိန်းမတွေထဲမှာ အိမ်ကအဘွားကြီးလည်း ပါတာပေါ့။ ဘာဘကို "အသက်ကြီးမှ ကျောင်းအုပ်လျှောက်တော့" လို့ အမိန့်ပေးတာလည်း အိမ်က အဘွားကြီးပဲ။ မိန်းမပဲ့ကိုင်လို့ ဘာဘလူကြီးဖြစ်နေတာနော်။

မိန်းမတွေက ဘာကြောင့်များ သူတို့တွေ ယောကျ်ားဖြစ်ချင်နေရတာလဲ။ အားငယ်နေရတာလဲ။ ငါ သူ့တစ်ပါး၊ ယောကျ်ား၊ မိန်းမ ဆိုတာ ပညတ်တွေပါ။ ပရမတ်က ရုပ်နဲ့နာမ်ပါ။ ဇီလထုတ်တဲ့ (၂၀၁၂ ခုနှစ်၊ မတ်လ) မွေ့ဗျူဟာ စာစောင်မှာ ဆရာတော်မွေ့ဘော်ရီ အရှင်ဝီရိယ(တောင်စွန်း)က လူ့ဘဝမှာ လူဖြစ်ရတာချင်း အတူတူဖြစ်ပေမယ့် "မိန်းမဖြစ်ရတာ ကုသိုလ်ကံ အားနည်းလို့ ယောကျ်ားဖြစ်ရတာက ကုသိုလ်ကံအားကြီးလို့" ဆိုပြီး အထင်မှတ်မှားနေကြတဲ့ ကိစ္စပါ။ အထင်မှတ်မှားသလို ဒီလိုပဲ မှားမှားယွင်းယွင်း ပြောကြဆိုကြတာတွေလည်း ကြားဖူးကြမယ် ထင်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com


ယောက်ျားဖြစ်ခြင်း၊ မိန်းမဖြစ်ခြင်းဆိုတာ ကာယိကဲ အကြီးအသေးနဲ့ မဆိုင်ဘူး။ အစွဲဥပါဒါန်နဲ့သာ ဆိုင်တယ်လို့ ဆိုလိုတာပါ။ ယောက်ျား၊ မိန်းမဖြစ်ရတာဟာ ကာယိကအကာယိကနဲ့ဆိုင်မယ်၊ ကာယိကဲ အကြီးအသေးနဲ့ဆိုင်မယ်ဆိုရင် မြတ်စွာဘုရားရှင်တို့ရဲ့ ပါရမီဖြည့်စဉ်ကာလ ဘဝဖြစ်ရပ်တွေထဲမှာ ဘုရားလောင်းဖြစ်ရင် ကာယိကတရား အလွန်အားကြီးတဲ့ ယသောဓရာအလောင်းဟာ ယောက်ျားဘဝတွေ ပြောင်းလဲဖြစ်သွားနိုင်ပြီး ကာယိကအားနည်းတဲ့ ဒေဝဒတ်အလောင်းက မိန်းမဖြစ်သွားလောက်ပါတယ်။ တခြား အသေးစိတ်ကိုင်အောင် ပါရမီတွေ ဖြည့်ကြတဲ့ မေမာထေရီတို့ မွေမိန္ဒတို့စတဲ့ ထေရီမကြီးအလောင်းလျာတွေသည်လည်း ကာယိကအားကြီး သူတွေပဲဖြစ်ကြလို့ ယောက်ျားဘဝတွေ ပြောင်းလဲဖြစ်သွားကြမှာပေါ့တဲ့။

ရုပ်လှခြင်းမလှခြင်းက တစ်ဇာတ်ပါ။ အရုပ်ပုတဲ့ ယောက်ျား၊ နှာခေါင်းပွတဲ့ ယောက်ျားကို မိန်းမကမကြိုက်သလို ယောက်ျားလည်း မကြိုက်ပါဘူး။ ဘယ်ယောက်ျားဖြစ်ဖြစ် မိန်းမလှနေတာ ကြိုက်တာပါပဲ။

ဒါပေမဲ့ ရုပ်အလှဆိုတာ အရေပြားကိစ္စပါ။ စိတ်အလှက ထာဝရမို့ စိတ်(နာမ်)၊ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် အားလုံးကို ဦးဆောင်သွားရမှာပါ။

မိန်းမဆန်တဲ့ ယောက်ျားတွေ လောကမှာ အများကြီးရှိနေသလို ယောက်ျားဆန်တဲ့ မိန်းမတွေလည်း လောကမှာ အများကြီးပါ။ ယောက်ျား၊ မိန်းမ ခွဲခြားနေကြပြီး မိန်းမကို နှိမ့်ချ၊ ယောက်ျားကို အိမ်ဦးနတ်ထားခဲ့တဲ့ မြန်မာ့ဓလေ့ထုံးစံက လှည့်စားနေကြတာပါ။

အုပ်ချုပ်ရေးပိုင်းမှာ ယောက်ျားအုပ်ချုပ်မှ ကောင်းသလို၊ ထက်မြက်တဲ့ မိန်းမအုပ်ချုပ်ရေးတွေလည်း ကောင်းမွန်တတ်ပါတယ်။ အဓိက ကတော့ လူပီသဖို့ပါ။ ကျားမှ မမှ မဟုတ်ပါဘူး။ မိန်းမကမ္ဘာမှာ မိန်းမများရဲ့ အားသာချက်တွေကိုသာ အဘကရှာဖွေချင်တာပါ။

မိန်းမထက်မြက်ရင် ယောက်ျားလိုက်မမီဘူးဆိုတာ ဘဘက ဘွားဘွားကြီးကို ကြောက်ပြီးရေးတာမဟုတ်ကြောင်းတော့ ယုံပါနော်။

Woman World, Wednesday 11, January, 2012

□ □ □



# အဘကြိုက်တဲ့ Women's World

❝ ဘနင့်ဘာဆိုင်သလဲဟုမေးလျှင် မြေးမလေးအတွက်ဟုပင်. . . ❞

www.burmeseclassic.com

www.burmeseclassic.com








သည် ဂျာနယ်ဝယ်လာတော့ အိမ်ကအဘွားကြီးက မိုက်ခေါက်ကြော ဆွဲလိမ်သည်။ ရှင် "သတိ ယောက်ျားများမဖတ်ရ" မို့ ဝယ်လာတာလားဟု ပြောသည်။ ဂျာနယ်ဖတ်ပြီး ကြိုက်နှစ်သက်တော့ အတွဲ-၁၊ အမှတ်-၂၊ ၃ ဆက်မှာသည်။ ဂျာနယ်ရောင်းသည့် ကောင်မလေးက ပြုံးစစနှင့် အဘကြိုက်သလားတဲ့၊ အပတ်စဉ်တိုင်း မှာထားလိုက်သည်။

သည်ဂျာနယ်က Woman World တဲ့ မိန်းမများ၏ ကမ္ဘာပေါ့လေ။ ဘာနှင့်ဘာဆိုင်သလဲဟုမေးလျှင် မြေးမလေးအတွက်ဟုပင် ဆင်ခြေပေးလိုက်ပါသည်။ တကယ်တော့ ဘ တကယ်ကြိုက်ပါသည်။ အတတ်ပညာ တစ်ရပ်ကို သူတို့မှ မသိတဲ့ ဘအတွက် တရားစာမပါသော်လည်း မတရားသောစကား၊ စာ၊ ဆောင်းပါးလုံးဝမှမပါတဲ့ ဘတို့ရဲ့ သားသမီး၊ မြေးတို့အတွက် ဘလည်းဖတ်၊ သူတို့ကိုလည်း ပေးဖတ်ရမည်ဟု ခံယူမိပါသည်။

ဘက မြေးမလေးကို ချစ်သည်။ မျှော်လင့်သည်။ မြေးမလေးကို ပျိုးထောင်ပေးရမည်။ ဘတို့ကျောင်းသားဘဝက တိုင်းရင်းမေး ယုဝတီတို့မှာ ကလောင်သွေးခဲ့သည်။ ဘ၏ အစ်မကို တိုင်းရင်းမေ လဝတိုင်းဝယ်ပေးရသည်။ ထိုစဉ်က တိုင်းရင်းမေကဖျာကရွာသည် အအောင်မြင်ဆုံးဖြစ်သည်။


www.burmeseclassic.com

www.burmeseclassic.com



ဘကတရားအားထုတ်နေရမည် ဆိုတာကိုသိပါသည်။ လောလောဆယ်တွင် မတရားမလုပ်မိအောင် သတိထားပါသည်။ စာဖတ်သည်၊ စာရေးသည်။ မှတ်တမ်းပြုစုသည်။ ခေတ်မီအောင်ကြိုးစားသည်။ မသေသေးသရွေ့ ကြိုးစားနေဦးမည်ဖြစ်သည်။

ဘတရားခွေဖွင့်သကဲ့သို့ 5 star အငြိမ့်ခွေကိုလည်းဖွင့်သည်။ ၂ တန်းအရွယ်မြေးမလေးနှင့် အတူကြည့်သည်။ ပြက်လုံးများမှာ နှစ်ခွန်းပြက်လုံးများဖြစ်သည်။ မြေးမငယ်က သူ့အမြင်နှင့်သူရယ်သည်။ ဘကလည်း ဘအမြင်နှင့် ဘရယ်သည်။ သမက်ဖြစ်သူက အခွေကိုလာပိတ်သွားသည်။ ဘနားလည်ပါသည်။ သူ့သမီးကို သူစိုးရိမ်မည်ပေါ့။ ဘလည်းသူ့ထက်ပိုသော စိုးရိမ်သောချစ်ခြင်းသည် မြေးမလေးအပေါ်မှာရှိပါသည်။

အပြင်လောကတွင် အရက်အကြော်ကမ်းမရှိသော ဝတ်စားဆင်ယင်မှုများ ဘရော မြေးမလေးရောတွေ့သည်။ ရုပ်ရှင်၊ ဗီဒီယိုကိုသာ ဆင်ဆာဖြတ်လို့ရသည်။ အပြင်လောကကိုကား ဆင်ဆာဖြတ်၍မရ။ ခုခေတ်က ထဘီရင်ရှား ပုံစံကသာ များသည်။ ကိုရီးယား စကပ်တိုများက ခေတ်စားသည်။ မြေးမလေးအတွက် သီးသန့်ဆင်ဆာဖြတ်ပေး၍တော့ မဖြစ်နိုင်ပါ။ မြေးမလေးအတွက် ဆင်ဆာမှာ သူ့စိတ်ဓာတ်ကိုသာ ဘလုပ်ပေး၍ ရနိုင်ပါသည်။

၇ နှစ်သမီးလေးက မြန်မာ့ရုပ်မြင်သံကြားမှ ကြော်ငြာလာသောအဖော်ကို ဘာလဲဟု မေးသောအခါ ယောကျ်ားလေးတွေနှင့် ဆိုင်တယ်၊ သမီးလေးနှင့် မဆိုင်ဘူးဟုသာ ရှင်းပြရသည်။ ခလုတ်ပိတ်ပစ်လိုက်၍ မဖြစ်ပါ။

ဘတို့စာသင်ကျောင်းတွင် ဘဝတွက်တာ ကျွမ်းကျင်စရာ Live skill သင်ပေးရသည်။ ပဉ္စမတန်း၊ ဆဋ္ဌမတန်းအရွယ်ပင် လိင်မှုကိစ္စများရှင်းပြသည်။ ဆရာမအပျိုကြီးများက မသင်ရဲဟုပြောကြသည်။ တချို့ကလေးမသိတာကို ပြောပြမှပိုဆိုးသွားမည်ဟု ဆရာမများက ကန့်ကွက်ကြသည်။ ကမ္ဘာမှာက အရွယ်များနှင့်ပိုင်းနေ၍ ထိုကိစ္စကို ဆင်ဆာဖြတ်၍ မရနိုင်၊ ဘကမူ ကျောင်းကျန်းမာရေး ဆရာမတို့လာသောအခါ မတွေ့ချည်း သီးသန့်၊ ကျားတွေ့ချည်း သီးသန့် ဟောခိုင်းရတော့သည်။ မပြောလျှင် ဘတို့ တာဝန်ဖြစ်နေရောမည်။

ဘ၏အဘွားကြီး မကြိုက်ဆုံး စာရေးဆရာမှာ အတ္တကျော်ဖြစ်သည်။ ဘကလည်းအတ္တကျော်၏ သရဖူမဂ္ဂဇင်းပါ ဆောင်းပါးများကို ဖတ်ဖြစ်အောင်ဖတ်





သည်။ အဘွားကမူ ဘကို သင်္ကာပဟန်မတူပါ။

ဘတို့လောကတွင် ပြင်ပအဖြစ်အပျက်တွေက စာထဲ၊ ရုပ်ရှင်ထဲကထက် ဆန်းကျယ်ပါသည်။ ပြင်ပမှာဆင်ဆာမရနိုင်ပါ။ ထို့ကြောင့် စာသင်ကျောင်းတွေမှာ ကလေးတွေကို အမြဲမှာနေရသည်။ ဆိတ်ကွယ်ရာမှာ ဆန့်ကျင်ဘက်ချင်း မဆုံဆည်းအောင်နေကြဖို့ပဲ ဖြစ်သည်။

ဘတို့လောကမှာ ကောင်းသူတွေ၊ ဆိုးသူတွေ၊ တရားသမားဟန်ဆောင်သူတွေ၊ မတရားသူတွေ၊ သနားသူတွေ၊ မေတ္တာသမားတွေ၊ အာမမှုသမားတွေ ထုထည်နှင့် ရှိနေသည်မဟုတ်လား။ ဘအပါအဝင် မည်သည့် ပုထုဇဉ်မှစိတ်ချရသည်မဟုတ်ပါလော။

ထိုအမှုသမားတွေ ဒုသီလတွေကို လက်တွေ့ရှောင်ရ ရှားရတွန်းလှန်ရမှာ မြေးမလေးတို့ ကိုယ်တိုင်ပင်မဟုတ်ပါလား။ ကောင်းခြင်း၊ ဆိုးခြင်း၊ လူကောင်း၊ လူဆိုး ခွဲခြားခြင်းမှာ မြေးငယ်စဉ်ကပင် လေ့ကျင့်ပျိုးထောင်ရမည် မဟုတ်ပါလား။ ဘကတော့ မြေးငယ်အတွက် ဆင်ဆာသီးသန့်ဖြတ်မပေးဘဲ၊ မြေးငယ်မလေးရဲ့ စိတ်ကိုသာ ဆင်ဆာဖြတ်ဖို့ကြိုးစားမှာပါ။

သတိယောကျ်ားမျိုးတွေ မဖတ်ရတော့ ယောကျ်ားတွေအကြောင်း ကောင်းကောင်းသိတာပေါ့။ ထက်မြက်တဲ့မိန်းမ၊ တောက်ပတဲ့မိန်းမတွေအကြောင်း သမီးငယ်လေးသိနေသင့်တာပေါ့။ မီးပိုချောင်ထိုး၊ ယောကျ်ားထမင်းပြင်ပြီးကျွေးရတဲ့ ဘဝလောက်တော့ မြေးမငယ်ကို မမျှော်မှန်းထားနိုင်ပေါင်ဗျား။

ငယ်စဉ်ကတည်းက သပ်ရပ်လှပပြီး ထက်မြက်တဲ့ မိန်းမဘဝကို ပျိုးထောင်ချင်လှတယ်၊ မကောင်းသူပြောတဲ့စကား၊ မကောင်းသူက စည်းရုံးမှာကို သိနေ၊ ကျွမ်းနေ ဖယ်ရှားစေတဲ့ မိန်းမမျိုးကိုသာ ဖြစ်စေချင်တယ်။

ဒါကြောင့် ၇ နှစ်အရွယ် ဘရဲ့ မြေးငယ်မလေးအတွက် ဘကတော့ Woman World ဂျာနယ်ကို ဝယ်ပေးနေဦးမှာ သေချာပါတယ်ကွယ်။

Woman World, Wednesday 21, December , 2011

□ □ □



www.burmeseclassic.com

www.burmeseclassic.com



# စိတ်ကူးနှင့် လက်တွေ့

ချစ်ဇနီးအား ငယ်ငယ်က မျှော်မှန်းခဲ့သော
အိမ်ထောင်ဖက်ဟု မေးမြန်းသောအခါ...





www.burmeseclassic.com

www.burmeseclassic.com



**ပျ**

ရတနာက———

ယောကျ်ားဆိုတာ ယောကျ်ားပီသရမယ်။ စကားကို ယောကျ်ားပီသစွာ ထိန်းပြောတတ်ရမယ်။ မိန်းကလေးတွေအပေါ် စာနာသနားတတ်တဲ့ သူမျိုးကို သဘောကျတယ်တဲ့။

သင်းသင်းယုလှိုင်က———

ယောကျ်ားမဆန်တဲ့ ယောကျ်ားမျိုးကို မကြိုက်ဘူးတဲ့။

"ပါရမီဖြည့်ဖက်"Mမရာကျော်က———

ယောကျ်ားမပီသတဲ့၊ မိန်းမဆန်တဲ့လူမျိုးကို မကြိုက်ဘူးတဲ့။

သူတို့ မင်းသမီးလေးတွေ၊ မော်ဒယ်တွေ ကြိုက်ကြတာက အရပ်မြင့်မြင့်၊ ထောင်ထောင်မောင်းမောင်း။ ယောကျ်ားပီပီသသ၊ လူကြီးဆန်ဆန် ပြောတတ်ဆိုတတ်ရမယ်၊ အခြေအမြစ်ရှိရမယ်၊ မိန်းမတစ်ယောက်ကို တင့်တောင်းတင့်တယ် ထားနိုင်ရမယ်တဲ့။

ကျွန်တော့်အသွားကြီး (အိမ်ကမိန်းမ) ကတော့ အရပ်ပုပု၊ အသားမည်းမည်း၊ သွားကျဲကျဲနဲ့ စပ်ဖြဲဖြဲနေတတ်တဲ့ ကျွန်တော့်ကို မတော်တဆရခဲ့တယ်။ ရွာကာစမှာ ကျောင်းဆရာမို့ ဝင်ငွေသိပ်မကောင်းပါ။ ဆန်တစ်ပြည်ချင်း၊ မီးသွေးမီးဖိုပြီး သေတ္တာတစ်လုံးနဲ့ လူလုပ်ခဲ့ရတာပါ။

ကျိုးကန်းဘဲဥ ချိုလာတယ်လို့၊ အမဲရိုးပေါင်းအိုးမှ အားမနာတို့ဆိုတာ





ဘောပတ်ဝန်းကျင်က ပေါ်တင်ကြီးချိုးကျူးခဲ့ကြတဲ့ ချိုးကျူးစကားပါ။ အရပ်ကလည်း ဓာတ်တိ (ဒေအ)မို့ မလိုက်ဘူးလို့ ပတ်ဝန်းကျင်က မနေနိုင်မထိုင်နိုင် ပေါ်တင်ကြီးကို အဆဲခံခဲ့ရတာပါ။ ကျွန်တော့်ဇနီးက မင်းသမီး မဟုတ်ပါ။ ကျွန်တော်ကလည်း မင်းကုသလောက် ရုပ်ဆိုးယာန်မတူပါ။ သို့သော်ပတ်ဝန်းကျင်က ကျွန်တော်တို့စုံတွဲကို လုံးဝသဘောမတူပါ။

ရုပ်ကသာ အဆင်မပြေခဲ့သည်မဟုတ်၊ စိတ်ဓာတ်ကလည်း နေရာတကာ ကျောင်းဆရာစိတ်ဓာတ်ဖြစ်နေသဖြင့် အဆင်မပြေခဲ့ပါ။ ရန်းကန်လှုပ်ရှားနေရင်း ကျွန်တော်နှင့်အသွားကြီးသည် အိမ်ထောင်သက် ၃၅ နှစ် ကျော့ကတ်စိန်ရတု ရောက်ခဲ့ပြီးလေပြီ။

ကျွန်တော်တို့ကို မည်သူမျှ အင်တာဗျူးလာမလုပ်သော်လည်း ပြောလိုသော စကားများက ရင်နှင့်အပြည့်အဝကို လှမ်းခဲ့ရသော ခြေလှမ်းများ။ ကျွန်တော်တို့ မွေးဖွားပေးခဲ့သော သား၊ သမီးသုံးယောက်၊ သမီးအကြီးက မွေးလိုက်သော မြေးမလေးအပါအဝင် မှတ်တိုင်များစွာကို စိုက်ထူခဲ့ပြီးပြီ၊ ရန်ဖြစ်လိုက် ပြန်ချစ်လိုက်နှင့် ပြဿနာမတွေ့ခဲ့ မိန်းမအိမ်ကဆင်းသွားသည်ဟုလည်းမရှိခဲ့။ ကျွန်တော်တို့နှစ်ယောက်ရော သားသမီးများပါ ဘွဲ့ ပညာတွေနှင့် တိုးပွားလာခဲ့ရသည်။ အသွားကြီးကမူသူ၏ သည်းခံနိုင်စွမ်းကို မကြာခဏ ဝင့်ကြွားပါသည်။ သူသည် တရုတ်မျိုးနွယ်စပ် သော်လည်း ဝက်သားမစား။ ကျွန်တော်သည်အညာသား ဖြစ်သော်လည်း ဝက်သား တအားကြိုက်သည်။ ၃၅ နှစ်လုံးလုံး ဝက်သားမစားသော မိန်းမက မငြီးငြင်းဘဲ ချက်ကျွေးခဲ့သော ဝက်သားဟင်းခွက်ပေါင်းများစွာမှာမှု ယနေ့ထိ တမ်းတမ်းတတ။

"အသွင်မတူ အိမ်သူမဖြစ်" ဟု ဆိုသော်လည်း အသွင်မတူတဲ့ အိမ်ထောင် သက် ၃၅ နှစ်ရှိခဲ့ရသည်ကို အံ့သြကြီးစွာ ဖြစ်နေပါသည်။ ကျောင်းဆရာဘဝဖြင့် အနှစ်သုံးဆယ်အတွင်း အိမ်ကူးဘဝ ၂၂ ကြိမ်ကို ကျွန်တော်မပါဘဲ ဆောင်ရွက်နိုင် သည့် စွမ်းပကားကိုလည်း တစ်သက်မမေ့နိုင်ပါပေ။

အညာဇရာတစ်ယောက်၏ ဘဝကို ရေးပြလျှင် စိတ်ဝင်စားဖွယ်မရှိပါ။ သို့သော် ကျွန်တော်က ယနေ့ ကျောက်စိမ်းရတု အနှစ် ၃၅ နှစ် ဖူကွခံခဲ့သည့် ချစ်ဇနီးအား ငယ်ငယ်က မျှော်မှန်းခဲ့သော အိမ်ထောင်ဖက်ဟု မေးမြန်းသောအခါ ——— အရပ်ရှည်ရှည် ထောင်ထောင်မောင်းမောင်း ရုပ်ရည်ခန့်ညားတဲ့ ယောကျ်ား ပီသသူ ဖြစ်ပါသတဲ့။

Woman World, Wednesday 4 January, 2012

❒ ❒ ❒



www.burmeseclassic.com

www.burmeseclassic.com

# ပါရမီဖြည့်ဖက်

မြတ်စွာဘုရားကတော့ အေးချမ်းနိုင်တဲ့ တရားတွေကိုဟောကြားပြီး
အေးချမ်းအောင်နေဖို့ ကိုယ်တိုင်ကျင့်ကြံအားထုတ်နေပြသွားပါတယ်





www.burmeseclassic.com

www.burmeseclassic.com


**"၁၅"** ကျွန်တော့်ရဲ့ ပါရမီဖြည့်ဖက်လေ"

သူ ကျွန်မကိုမိတ်ဆက်ပေးတော့ ကျွန်မဟာဝင်မြင့်ချင်သလိုလို သူ့ကိုပဲ လေးစားကြည်ညိုလာသလိုလို မိတ်ဆက်ပေးသူရှေ့မှာ ရှက်ကိုးရှက်ကန်း ဖြစ်သလိုလို ခံစားရတယ်။

ပါရမီဖြည့်ဖက်စကားလုံးကို ကျေနပ်သလိုလို ဖြစ်နေပြီး အိမ်ရောက်မှ မြန်မာအဘိဓာန် လှန်ကြည့်ဖြစ်တယ်။ ပါရမီ/န-ဖြည့်ဆည်းအပ်သော ဒါန၊ သီလ စသည်တဲ့။ ပါရမီဖြည့်/ဖေ့ /ကြိပါရမီဖြည့်အောင် ဆည်းပူးကျင့်ဆောင်သည်တဲ့။

လက်စသတ်တော့မိန်းမကို ပြောက်ပေးပြီး သူ့ကိုယ်သူ အမွှမ်းတင်သွားတယ်ဆိုတာ တွေ့လိုက်ရတယ်။ မိန်းမများကတော့ သူတို့ယောကျ်ားတွေ ပြောကြသလို "နာခေါင်းပါလို့ နာခေါင်းမပါရင်—" ဆိုတာမျိုးပေါ့လေ။

သူတို့ယောကျ်ားတွေက နေရာတကာမှာ အပေါ်စီးက နေချင်ကြတာကို၊ ယောကျ်ားဖြစ်ပြီး ဘုရားလောင်းဖြစ်ချင်ကြတာ၊ မိန်းမကိုနှိမ့်ချပြီး အိပ်ရာဝင်ထိုင်ကန် တော့ခိုင်းကြတယ်လေ။

ပါရမီရှင်ကြီးက ဒါနပါရမီဖြည့်ဖို့ နေနေသာသာ အိမ်မှာ ဆွမ်းခံဘုန်းကြီး လက်ခံရင်တောင် ကြိုက်တာမဟုတ်ဘူး။ "ကန်တော့ဆွမ်းပါရင်" လို့ ထွက်ပြောခိုင်းတာ။ သူကတော့ စာဖတ်မပျက်ဘူး။ နာမည်တပ်ပြီး ကမ္ဘည်းထိုးတဲ့ အလှူကြရင်





တော့ သူဝါသနာပါတတ်တယ်။ ပိုက်ဆံမရှိတဲ့ ခွေမျိုးမလာရ။ ပိုက်ဆံရှိတဲ့ခွေမျိုးမှ ဧည့်ခံစကားပြောတာ ပိုက်ဆံရှိမှ အခဆင့်ရှိသတဲ့။

သီလပါရမီကတော့ ပြောမနေနဲ့ ယောကျ်ားဆိုတာ အပေါင်းအသင်းနှင့် သောက်စားရသတဲ့။

ဘိယာဆိုတာ အရက်မဟုတ်ဘူးတဲ့။ ဥပုသ်ဆိုတာ သီလမရှိတဲ့သူတွေ စောင့်တာတဲ့။ သူကတော့ သီလရှိပြီးသား ဥပုသ်စောင့်စရာမလိုဘူးတဲ့။ ဘုရားကို တောင် မှန်မှန်မရှိခိုးဘူး။ ဘုရားက ရင်ထဲမှာ ကိန်းအောင်းဖို့ပဲလိုတယ်။ ဘုရားရှေ့ ထိုင်ညာမနေနိုင်ဘူးတဲ့။

ပါရမီရှင်ကြီးက ဘုရားစာတစ်လုံးမှ မရလည်း သူကဘုရား စကားနား ထောင်သူဆိုပဲ။ သီလပါရမီဆိုတာကိုယ်နှုတ်နှစ်ပါးကို စောင့်ထိန်းခြင်း၊ စိတ်အညစ် အကြေးကို ခဝါချခြင်းလို့ ပြောကြတာပါပဲ။ ကျွန်မကတော့ ကျွန်မယောကျ်ားကို လုံးဝမယုံပေါင်၊ ဒါပေမဲ့ မပြောရဲပေါင်။

ဟုတ်တိုင်းမှန်ရာ ပြောရရင်လောကုတ္တရာ ပညာကို လုံးဝမလိုက်စားဘဲ သိနေတတ်တာက ကျွန်မယောကျ်ားပါ။ ဖြစ်ပျက်နှစ်လုံးနဲ့ အာပေါင်အာရင်းသန်သန် အဘိဓမ္မာကို ရှင်းပြနိုင်တာလည်း ကျွန်မယောကျ်ားပါပဲ။

ခန္တီပါရမီကလည်း အပြည့်အဝ၊ စိတ်ရှည်သည်းခံ၊ မျိုသိပ်နိုင်စွမ်းမရှိဘူး၊ အော်ငေါက်လက်ရွယ်ပြီး စိတ်တိုတတ်တာလည်း ဘဝပါပဲ။

ဒါနနဲ့ သီလပါရမီတွေကတော့ ကျွန်မယောကျ်ားကောင်းကောင်း နားလည်ပါတယ်။ နေက္ခမ္မပါရမီ-ဆိုတဲ့ကာမကို လွတ်မြောက်အောင်ကြိုးစားခြင်း၊ ပညာပါရမီ ဟုတ်တိုင်းမှန်ရာ ထိုးထွင်းသိမြင်အောင် အကြောင်းအကျိုးကို သိအောင် ကြိုးစားခြင်း ဝီရိယပါရမီ - အသိဉာဏ်ဖြင့် ကောင်းသောအမှုတို့၌ ကြိုးစားအားထုတ်ခြင်း၊ ခန္တီပါရမီ- အရာရာအောင့်အည်းသည်းခံခြင်း၊ မျိုသိပ်ထားခြင်း၊ သစ္စာပါရမီ မချွတ်မယွင်းပြုလုပ်ခြင်း၊ မှန်မှန်ကန်ကန်ပြုလုပ်ခြင်း၊ အဓိဋ္ဌာနပါရမီ-အသိဉာဏ်ဖြင့် မတုန်မလှုပ်တည်ဆောက်ခြင်း၊ မေတ္တာပါရမီ- အများအပေါ် အကျိုးစီးပွားလိုလားခြင်း၊ ဥပေက္ခာပါရမီ - ချစ်ခြင်း၊ မုန်းခြင်းနှစ်မျိုးမရှိခြင်းစတဲ့ ပါရမီဆယ်ပါးကို သူ့ကကိုယ့် ထက် ဖတ်မှတ်သိရှိထားပါတယ်။

ဘုရားတရားကို နှုတ်ငုံဆောင်ထားပြီး ဆရာကြီးလုပ်တတ်တဲ့ ကျွန်မ ယောကျ်ား၊ ဘုရားရှင်ရဲ့ ခြေတော်ဖျားအောက်မှာ လိုက်နာဆောင်ရွက်နိုင်ရင်



www.burmeseclassic.com

www.burmeseclassic.com

ကျွန်မတို့ဘဝတွေ အေးချမ်းပြီပေါ့။

မြတ်စွာဘုရားကတော့ အေးချမ်းနိုင်တဲ့ တရားတွေကို ဟောကြားပြီး အေးချမ်းအောင်နေဖို့ ကိုယ်တိုင်ကျင့်ကြံအားထုတ်နေပြသွားပါတယ်။

ကျွန်မယောက်ျားကတော့ ဘုရားတရားတွေကို နှုတ်ဖျားမှာ ဆောင်ပြီး ဘုရားလောင်းရဲ့ ပါရမီဖြည့်ပုံမျိုးနဲ့ ကျွန်မကို ပါရမီဖြည့်ဖက်လို့ သုံးနှုန်းသွားပါတယ်။ ကျွန်မကတော့ တကယ်စင်စစ်ပါရမီဖြည့်ဖက် ဖြစ်ချင်ပါတယ်။ လောလောဆယ်တော့ ပါရမီအကျင့်တွေနဲ့ တခြားစီပါလား။ သိနေပါတယ်။

ဒါပေမဲ့ ဘုရားဆုပန်မင်းယောက်ျားဖြစ်နေပေတော့ ယောက်ျားကို မဝေဖန်ရဲပါ။ ဘုရားဟောတာအမှန်၊ ကျွန်မယောက်ျားလည်းအမှန်၊ ကျွန်မကတော့ သူပြောသလို———

"ပါရမီဖြည့်ဖက်ကြီးပါ" လို့မပြောရဲတာ တစ်ခုပါ။

Woman World, Wednesday 1, August, 2012

☐ ☐ ☐



# ချစ်သူများနေ့

ချစ်သူများနေ့မှာ မိဘတွေကို မမေ့ဖို့တော့ အဘမေတ္တာရပ်ခံချင်ပါတယ်ကွယ်

www.burmeseclassic.com

www.burmeseclassic.com







ဤ

ဘာရင်ခုန်ရပြန်ပြီ။

မေဖော်ဝါရီ(၁၄) ရက်၊ ချစ်သူများနေ့ ဘာဘာအလွတ်ရနေတယ်။ ဖလန်း ဖလန်းထနေတဲ့ မိန်းမငယ်လေးနဲ့ တည်တည်ကြည်ကြည် ပီပီသသ ယောကျ်ားလေး တစ်ယောက်၊ ဂျေနီးနတ်မှာ ပျော်နေကြတဲ့တာ ဘာဘာတွေ့ဖူးတယ်။

သူတို့ အရွယ်က ပျော်စရာကိုး။ ပျော်ရမှာပေါ့၊ ဘာဘာတို့ အသက်ကြီးပိုင်း ရောက်လာမှ ချစ်သူများနေ့က ပေါ်လာတာတယ်။ နာလိုက်တာကွာ၊ ဘွားဘွားကြီးကို ပန်းစည်းမပေးခဲ့ရဘူး။ ချစ်သူများနေ့ အထူးဈေးရောင်းပွဲတွေ မသွားဖြစ်ခဲ့ရဘူး။ ဒါပေမဲ့ လူလေးတို့ကို မနာလိုမဖြစ်ပါဘူး။ သူ့ခေတ်အခါတော့ သူတွင်ကျယ်ပေ့ါလေ။

အဘာစဉ်းစားမိတာက သူတို့တွေကောင်းကြိုက်မှာ ဒံပေါက်စားနေချိန်၊ Happy World မှာပျော်နေကြချိန်မှာ သူတို့အမေ ငါးပိရည်နဲ့ စားနေရမှာကိုပဲ။ အဲ့မေက မိုက်ဖောင်းရှုတ်တွ မလုတော့လို့ တွဲသွားရမှာ ရက်နေကြချိန်မှာ ကိုယ့် ချစ်သူခြေဖမိုးကို ထီးမှတ်ပြီး မိုးကြည့်နေကြမှာကိုတော့ အဘာကလုံး၀ မလိုလားဘူး။

အဘာကအစ ချစ်သူများနေ့ကို အလွတ်ရနေပေမယ့် အမေများနေ့က ပြာသိုလပြည့်နေ့ဆိုလား ဘာလား။ မသဲကွဲဘူးကွယ်၊ "အမေရှိရင် အိလန်" ရှိတယ် ဆိုပြီး အိလန်ဆပ်ပြာမှုန့်က အမေနေ့ကြေညာတယ်။ ဒါပေမဲ့ အမေနေ့မှာ အမေအို ကြီးများကို လက်တွဲပြီးလာခဲ့ပါ။ အမေတွေကို သားသမီးတွေက ကျွေးတာတွေချင်ပါ တယ်လို့ ဘယ်မုန့်ဆိုင်၊ ဒံပေါက်ဆိုင်၊ ကစားကွင်းကမှ မကြေညာဘူးကွယ်။

www.burmeseclassic.com



အမေနေ့ဆိုတော့ အဖေနေ့လည်း ရှိသင့်တာပါပဲ။ ဘဘမပါဘဲ၊ ဘယ်ဖြစ်မလဲ၊ မိဘများကို သတိတရဝယ်ကျွေးလို့ရအောင်၊ လက်ဆောင်ပဏ္ဏာပေးလို့ရအောင် ကြေညာပါဦးကွယ်၊ အဘတို့လည်း ရင်ခုန်ချင်ပါတယ်။

တစ်နေ့က ဘဘရဲ့ ကျောင်းဆရာကြီးနဲ့ဆရာမကြီး အိမ်လာပါတယ်။ အသက်တွေက (၈၅)နှစ်နဲ့ (၈၂) နှစ်ရှိနေပြီ ဘတ်စ်ကားစီးပြီး စံပြဈေးဘက်ကနေ လမ်းလျှောက်လာတာတဲ့၊ အဘကိုတွေ့ချင်လို့ပါတဲ့။

ဘဘကိုတွေ့တော့ ဝမ်းသာအားရ အာလာပသလာပ တွေ ပြောကြတာပေါ့ ကွယ်၊ ပြီးမှ ဓာတ်ပုံ (Album) တွေ ထုတ်ပြပြီး (၈၂)နှစ်ရှိတဲ့ ကျောင်းဆရာ ဘွားဘွားကြီးက ပြောတယ်။

"ဒါသားကြီးလေ၊ ကပ္ပတိန်ပေ့ါ တစ်လကို (၄၅)သိန်းရတယ်၊ သူတို့ကိုဘဘက TAXI (၁၀)စီးဝယ်ခိုင်းပိုက်တယ်။ သူတို့ဝင်ငွေက တစ်နေ့ တစ်သိန်းခွဲရှိတယ်၊ သမီးကြီးက စင်ကာပူမှာလေ၊ သူတို့ကလည်း လင်မယား နှစ်ယောက်ပေါင်း (၁၅)သိန်းရတယ်၊ သမီးငယ်လေးက ဆရာဝန်လေ၊ သူကပါရဂူတွေ ရအောင်ကြိုးစားနေတယ်။ အသုံးကျဖြစ်အောင်လို့တဲ့ သားတွေ သမီးတွေက အရှန်းလိုမှ တယ်၊ ဆရာကြီးတို့ ဆရာမကြီးတို့အတွက် ဂုဏ်ဆောင်တဲ့သူတွေပေါ့ကွယ်"

ကျောင်းဆရာဘွားဘွားကြီးက မကြွားပါပါ၊ သူတပည့်ကို သူကြွားစရာလည်း မလိုပါ။ ဓာတ်ပုံ အထောက်အထားတွေနဲ့ ရှင်းပြနေတယ်။ သူ့မျက်လုံးများကလည်း ပီတိတွေဖုံးနေတယ်။ သားသမီးများအတွက် ဂုဏ်ယူစရာမဟုတ်လား။ ဘဘလည်း ထပ်တူထပ်မျှ ဝမ်းသာရပြန်တယ်။

"ဒါထက်ဆရာမကြီး အခုပြန်ရင် ဘယ်လိုပြန်ကြမှာလဲ" ဟု သတိတရ မေးသောအခါ "သားရယ် မင်းကိုတွေ့ရအောင်လာကြတာ ဘတ်စ်ကားစီးပြီး ပြန်မှာ ပေါ့၊ မင်းကန်တော့တဲ့ ပိုက်ဆံလေးနဲ့တို့ဆေးကုကြရမှာ၊ TAXI ဖိုး မဖြုန်းနိုင်ပါ ဘူးကွယ်"

ဘဘရင်ခုန်ရပြန်တယ်။

ချစ်သူများနေ့မှာ မိဘတွေကို မမေ့ဖို့တော့ အဘမေတ္တာရပ်ခံချင်ပါ တယ်ကွယ်။

Woman World

□ □ □



# မိန်းမသားအတွေး မိန်းမသားအရေး

"မင်းသမီးလေးတွေရဲ့ တစ်နေ့တာထက်
ကျုပ်တစ်နေ့တာက ပိုစိတ်ဝင်စားဖို့ မကောင်းဘူးလား . . ."

www.burmeseclassic.com

www.burmeseclassic.com








ပိန်း မတွေ့ထဲမှာတော့ ကျုပ်လိုမိန်းမက ရှာမှရှားပါပဲ။

မနက်လေးနာရီထ ထမင်းချိုင့်လုပ်ပေး။ ထမင်းအိုးတည်၊ ပြီးတာနဲ့ ဆွမ်း၊ ကွမ်း၊ ရေချမ်း၊ ပန်းသက်ကပ်ပြီးတော့ ဘုရားမရှိခိုးတဲ့ အိမ်ဦးနတ်ကြီးအတွက် "တနင်္ဂနွေသားကြီးအတွက်ပါ ဘုရား" လို့ ဆုပါတောင်းပေးရတယ်။ သူ့အတွက် ပရိတ်ကြိုး ၁၁ သုတ်ရွတ်ပေးရတယ်။

မပြီးတပြီးမှာပဲ အိမ်ဦးနတ်ကြီး အလုပ်သွားဖို့ အဝတ်အစားထုတ်ပေးရတယ်။ အဝတ်အစားထုတ်မပေးရင် သူယူဝတ်တဲ့ အဝတ်အစားတွေက အချိုးကို မကျဘူး။ တွေ့ရာဆွဲဝတ်တာ၊ တစ်ခါတလေ ရေလဲပုဆိုးတောင်ပါသွားသေးတယ်။

မိန်းမက ဂရုမစိုက်ရင် ခေါင်းဖွေးဖွေးစုတ်ဖွားနဲ့ ထွက်သွားဦးမယ်၊ ဒီတော့ အုန်းဆီကို လက်ဝါးထဲအပြန့်ထည့်ပြီး "သရဏဂုံ" ရွတ်ပြီး သူ့ခေါင်းကို ဆွတ်ပေးလိုက်ရသေးတယ်။ ဒါတောင် ခေါင်းတော့ ကိုယ်တိုင်ဖြီးဖို့ မနည်းတိုက်တွန်းရတယ်။

အိမ်ဦးနတ်ကြီး သွားပြီဆိုတာနဲ့ တံခါးသော့ပိတ်ပြီး ဈေးသွားရတယ်။ ဈေးဗိုက်ကိုရှိတဲ့ပိုက်ဆံနဲ့ လောက်အောင်ရှေ့လျှောက်လိုက်၊ နောက်လျှောက်လိုက်နဲ့ ဈေးအချိုဆုံးဈေးသည် လိုက်ရှာရတာ ခေါင်းကိုမူးနေတာပဲ။ အိမ်ဦးနတ်ကတော့ ကြော့ကြော့လေး ထွက်သွားတယ်။ ကျုပ်ကတော့ ကောက်သော့ပြီး ဈေးဝယ်ထွက်

www.burmeseclassic.com


ရတယ်။

ပါလာတာလေး ချက်ဖို့လုပ်တော့ ဂက်(စ်)က ကုန်နေတယ်။ မီးကမလာတော့ မီးသွေးမွှေးရတော့တာပေါ့။ ကာဗွန်ဒိုင်တွေ နှာခေါင်းထဲဝင်တာမှ အတုံးအတစ်ပဲ။

အသားမပါရင် မဖြစ်တဲ့ အိမ်ဦးနတ်အတွက်က အသားလေး ၁၀ သား ချက်လိုက်တယ်။ ကျွန်ုပ်အတွက်ကတော့ ပဲပင်ပေါက်နဲ့ကန်စွန်းရွက်ကြော်လိုက်တယ်။ ရေတတ်သီးဆားတောင်းလေးတော့ ထောင်းပေးရသေးတာပေါ့။

အဲ့ဒီကြားထဲက စာသင်မယ့် ကလေးတွေကလာသေးတယ်။ ငရုတ်သီးထောင်းရင်း စာသင်ပေးရသေးတယ်။ ကလေးတွေက ဝင်ကူမယ်လုပ်လို့ ပိုက်ဆံပေးရပြီး အိမ်အလုပ်လုပ်နိုင်းတယ် အပြောခံနေရဦးမယ်လို့ တားလိုက်ရတယ်။

အိမ်ဦးနတ်ကြီးတို့က ခွင့်တင်လို့ရတယ်။ ကျွန်ုပ်မှာ ခွင့်ရက်မရှိဘူး။ နေမကောင်း၊ ခေါင်းကိုက်တာလောက်ကတော့ မနက်ကတည်းက မထချင်ဘဲထ၊ ခေါင်းကြောနှိပ်ပြီး ထမင်းဟင်းချက်ရတယ်။ ကျွန်ုပ်မလုပ်ရင် ဘယ်သူလုပ်မှာတုံး။ သားနှစ်ယောက် ထမင်းငတ်သွားမှာပေါ့။ ၃၅ နှစ်ဆက်တိုက် ခွင့်ရက်မယူက်ဆုက ကျွန်ုပ်ရသင့်တာ။

ကလေးငယ်ငယ်ကတည်းက ခုအချိန်ထိ သား၊ သမီးတာဝန်ကျွန်ုပ်ပဲ ယူခဲ့ရတာ။ သူတို့တွေ ဖျားပြီဆိုရင် ဆေးခန်းပို့၊ ဆေးတိုက် အချိန်မီ လုပ်ပေးရတယ်။ ကျွန်ုပ်ဖျားပြီဆိုရင် ဆေးခန်းပို့ပေးမယ့်သူမရှိဘူး။ ဘိုင်အိုဂျက်ဆစ်နဲ့ စပ်ဆေးအမြန်သောက်ပြီး အိမ်အလုပ်လုပ်ရတယ်။ မြည်တွန်တောက်တီးပြန်ရင် သားတွေကလည်း မကြိုက်ဘူး။

ဝင့်ကြွားမကြွားတော့ မသေနိုင်ပါဘူး။ သားဒုက္ခ၊ လင်ဒုက္ခကို ဒုက္ခလို့ မထင်နိုင်ဘူး။ ပြောသမျှငုံခံပြီး ဝင့်ကြွားခပ်နေရတာ ကျွန်ုပ်။

ရောင်ပြီး အဝတ်လျှော်တော့ မွန်းလွဲနေပြီ။ အကျီအဖြူတွေက ကုပ်မည်းနေတတ်တော့ လက်နဲ့ပွတ်လျှော်ရတာ လက်တွေတောင်ပုံကုန်ပြီ။ ရည်းစားဘဝက တသသကြည့်ခဲ့တဲ့လက်ကိုခုတော့ အိမ်ဦးနတ်ကြီးက မစောင့်ရှောက်တော့ဘူး။

ညနေလေးနာရီကျတော့ အိမ်ဦးနတ်ကြီး ပြန်လာချိန်လေ။ ရုပ်ရှင်ဇာတ်ကားထဲကအတိုင်း ထွက်မကြိုလို့ကတော့ ရန်လုပ်လိုက်မယ့်ဖြစ်ခြင်း၊ ဒါကြောင့် ဝတ်ကောင်းစားလှဝတ်ပြီး အိမ်ဦးနတ်ကြီးကို ထွက်ကြိုလိုက်ရတယ်။ မပုံးနိုင်ဘဲ





ပြုံးပြလိုက်ရတယ်။ ဒါမှ ပြည့်တော်သာမှာကိုး။

ညကျတော့ အိမ်ဦးနတ်ကြီးက အနားယူချိန်လေ။ ကျွန်ုပ်ကတော့ ရေမွှေးရေအေး ဆက်ကပ်ရင်း မနားနိုင်သေးပေါ်၊ ဖက်ကြောဆွဲ၊ ခြေသလုံးနှင်းပေးရင်း အိမ်ဦးနတ်ကြီးကို ဖားနေရတော့တာပေါ့။ အိမ်ဦးနတ်ကြီး မအိပ်မချင်း ပင်ပန်းလို့ "မသမ်း" ရဲပါဘူး။ သမ်းပြလိုက်တာနဲ့ အိမ်ဦးနတ် ညည်းချင်းက ပိုနေတတ်လို့ပါ။

အိမ်ဦးနတ်ထက် နောက်ကျပြီးမှ အိပ်လို့ရသော်လည်း၊ အိမ်လည်း ငြိမ်းချမ်းနေအောင် ကျွန်ုပ်ကတရားထိုင်တယ်။ တရားကို ညဥ့်နက်နက်ထိုင်ပြီး ဘုရားကို ဦးချအိပ်မလို့ ပြင်လိုက်တော့ အိမ်ဦးနတ်ကြီး အိပ်မောကျနေပြီ။

ကြာသပတေးနေ့တိုင်း မြဝတီရုပ်သံကလာတဲ့ မင်းသမီးလေးတွေရဲ့ တစ်နေ့တာထက် ကျွန်ုပ်တစ်နေ့တာက ပိုစိတ်ဝင်စားဖို့ မကောင်းဘူးလား။ ရှာကြည့်ကြပါ။ ကျွန်ုပ်လိုမိန်းမ ရှာမှရှားမယ် ထင်တာပဲ။

Woman World, Wednesday 8, February, 2012

□ □ □



www.burmeseclassic.com

www.burmeseclassic.com



# အချစ်(မီး)နဲ့မေတ္တာ(ရေ)

လင်နဲ့မယား လျှာနဲ့သွားဖြစ်သလို
မီးနဲ့ရေ ဖြစ်နေဗိုလ်လဲလို...

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com



**အိမ်**ထောင်မကျခင်တုန်းက "ကမ္ဘာမှာ မိန်းမအလှဆုံး"၊ အိမ်ထောင်လည်းကျပြီးရော "ကမ္ဘာပေါ်ကမိန်းမတွေ အားလုံးကဒီမိန်းမထက် လှတာချည်း" ပါပဲတဲ့။

ဒါကြောင့် ယောကျ်ားတွေက မိန်းမတွေကို အိမ်ထောင်မကျခင် ဖျာလိပ်ပြီး ထိပ်ပေါ်မှာတင်ထားပြီး အိမ်ထောင်လည်းကျပြီးရော ဖျာလိပ်ခင်း ခြေနဲ့နင်းကြတာ မဟုတ်လား။ ဒါကြောင့် အိမ်ထောင်မကျမီက တတွဲတွဲသွားလာခဲ့ကြတဲ့ စုံတွဲတွေဟာ အိမ်ထောင်လည်းပြုပြီးရော မတွဲကြ၊ မခေါ်ကြတော့ဘူး။

ကျွန်မယောကျ်ားကတော့ သူ့အလုပ်မှာ ဝင်ရှုပ်မှာစိုးလို့ အလုပ်ကို မလိုက်ရဘူး။ တပည့်တွေရှေ့မှာ ဆရာဝင်လုပ်မှာစိုးလို့ အသိမခံဘူး။ ဒါ့ကြောင့် တပည့်တစ်ယောက်က

"ဆရာ့ကို မိန်းမရှာပေးစားဦးမယ်"လို့ ကျွန်မရှေ့တွင် နောက်သွားတယ်၊ နောက်မိန်းမယူမှာစိုးလို့ တကောက်ကောက်လိုက်နေကြတဲ့ကတော်တွေ အလုပ်မှာ ဝင်ဝင်နှောင့်ယှက်တာကိုတော့ သူကပြောပြတယ်။ "မိန်းမဖျက်တော့ ပြည်ပျက်တတ်တယ်" တဲ့။

ကျွန်မကတော့ သူ့ကို ကိုယ့်မောင်လေးလို သဘောထားလိုက်ပါတယ်။





မောင်လေးအောင်မြင်ရင် ကျွန်မအောင်မြင်တာပါပဲ။ မောင်လေးရှုံ့ရင် ကျွန်မရှုံ့ပါပဲ။ ချစ်ခြင်းကနေ မေတ္တာပြောင်းပစ်ရတာကြောင့် သူ့ကိုယုဉ်ပြိုင်ချင်စိတ်ပေကုန်ခန်းလာတော့တာပါ။ မေတ္တာရဲ့ဆန့်ကျင်ဘက်ဖြစ်တဲ့ ဣဿာ၊ မစ္ဆရိယပေမရှိတော့ဘူး။

ချစ်ကြတုန်းကတော့ ခွဲမအိပ်နိုင်ခဲ့ပါဘူး။ တွဲအိပ်တဲ့အခါကြတော့လည်း ကြာကြာဖက်မထားနိုင်ကြဘူး။ လူငွေ့ဟာ ပူလာတတ်တာ၊ တစ်ယောက်နဲ့တစ်ယောက် ပိုသိလာကြတာပေါ့။ အမြင်တွေဟာ ကြာရင်ရိုးပြီး အတွေ့အထိကလည်း ဆန်းကြယ်မှုမရှိတော့ပါဘူး။

အပျိုဘဝတုန်းက လက်ချင်းထိလိုက်ရင်ကို ပူခနဲရှိန်းခနဲဖြစ်သွားပြီ အိမ်ထောင်သည်ဘဝကျတော့ သူ့လက်ကိုကိုယ်ကချွဲ ကိုယ့်လက်ကိုသူက ရွံလာခဲ့ကြတာပေါ့။ ဖွမ်းနဲ့စားနေတာတောင် သူ့လက်သန့်မသန့် ကျွန်မစိတ်မချတော့ဘူး။

ချစ်ခြင်းနဲ့မေတ္တာမှာ ချစ်ခြင်းကပူပြင်းပြီး၊ မေတ္တာကအေးမြပါတယ်၊ ချစ်ခြင်းကြောင့်ပူလောင်သမျှဟာ မေတ္တာရေနဲ့ဖျန်းမှ အပူမလောင်မှာပါ။

မိသားတစ်စု အခြေမပျက်ဖို့က အချစ်ကနေမေတ္တာပြောင်းမှ အောင်မြင်မှာပါ။ အချစ်ဆိုတာမီး၊ မေတ္တာကရေပါ။ မီးကိုရေနဲ့ ငြိမ်းသတ်စေရမှာပါ။ မီးမရှိဘဲ သားစိမ်း ငါးစိမ်းချက်ပြုတ်ခြင်းအပါအဝင် ဘဝရပ်တည်ဖို့ခက်ခဲမှာ၊ ရေမရှိဘဲလဲ မီးငြိမ်းဖို့ခက်ခဲမှာပါ။

လင်နဲ့မယား လျှာနဲ့သွားဖြစ်သလို၊ မီးနဲ့ရေ ဖြစ်နေဖို့လည်းလိုပါတယ်။ ကမ္ဘာဦးအစ မီးကိုတွေ့ရှိလို့ လူ့ဘဝပြောင်းလဲတိုးတက်ခဲ့ရသလို၊ မီးကို နိုင်တဲ့ရေနဲ့ ငြိမ်းသတ်ပြီး ဘဝကိုတည်ဆောက်ဖို့လိုပါတယ်။ မီးမရှိဘဲ ဘဝမရှိနိုင်သလို၊ ရေမရှိဘဲ အသက်မရှင်နိုင်တာကိုလည်း သတိရှိကြပါ။

အချစ်ကနေမေတ္တာကို ပြောင်းလဲမှုမရှိဘဲ၊ ဆက်ချစ်နေကြရင် အပူရှိန်မြင့်သထက်မြင့်ပြီး ပေါက်ကွဲမှာပါ။ မေတ္တာဘက်ကို တဖြည်းဖြည်းချင်း ပြောင်းလဲပေးမှ အိမ်ထောင်တည်မြဲမှာပါ။ မီးက အခြားလောင်စာဘက်ကူးသွားရင်လည်း ကိုယ်ကပဲလိုက်ပြီး ငြိမ်းသတ်ပေးပါ။ ပြင်းထန်စွာ လောင်သွားရင်တော့ ကံကြမ္မာကိုသာ ယိုးမယ်ဖွဲ့လိုက်ပါတော့။

ကျွန်မတို့အိမ်ထောင်သက် ရှည်လာကြတာဟာ မီးနဲ့ရေကိုအချိုးကျ အသုံးချခဲ့ကြတာပါ။ မီးကို လေပင့်အောင်ကတော့ ပတ်ဝန်းကျင်ကောင်းကို



www.burmeseclassic.com

www.burmeseclassic.com



ထူထောင်ပေးကြပါ။ လေတိုက်ကြီးမှာ မီးကိုမထားကြပါနဲ့ လေပင့်လာရင် ရေနဲ့ ငြိမ်းထားကြပါ။

မာယာဒေဝလက်ကြီးမှာတော့ "မယားနဲ့လင် ပျော်ပါးရှင်၊ ဝမ်းတွင်ဝနိုင်မှ မဝနိုင်လျှင် မပျော်ရှင်၊ မယားကလည်း မယားချင်ဘူး။ လင်လည်း မလင်ချင်တော့ဘူး"လို့ ဆိုထားတာကို ဖတ်ခဲ့ဖူးပါတယ်။

ဝမ်းဝတယ်ဆိုတာ၊ ရှောင့်ရဲနိုင်မှလည်း ဝနိုင်တာပါ။ မရှောင့်ရဲတတ်သူက ဘယ်တော့မှ ဝမ်းမဝနိုင်ပါဘူး။ ဟိုမိန်းမနဲ့ယူရင် ဥစ္စာရှိနိုးနိုး။ သည်မိန်းမနဲ့ လက်ထပ်လိုက်ရင် ဥစ္စာတိုးနိုးနိုးနဲ့လည်း အထင်ရှိတတ်ပါတယ်။ မိန်းမထဘီနား ခိုစားချင်တယ်လို့တော့ ဘယ်ယောက်ျားကမှ ဝန်ခံလေ့မရှိပါဘူး။

သည်တော့ အိမ်ထောင်ရေး အဆင်ပြေချင်ရင် "တရား" သဘောကို သိအောင်လုပ်နိုင်မှလည်း ဖြစ်တော့မှာပါ။ အကုသိုလ် "မီး" တွေကို ကုသိုလ် "ရေ"နဲ့ ပက်ဖျန်းရမှာပါ။ အပူမရှိလည်းဘဲ မဖြစ်သလို၊ အအေးမရှိဘဲလည်း မအောင်မြင်နိုင်ပါဘူး။

ပထဝီ၊ တေဇော၊ ဝါယော၊ အာပေါ ဓာတ်ကြီးလေးပါးနဲ့ ဖွဲ့စည်းတည်ဆောက်ထားတဲ့ ကျွန်မတို့တွေကျွန်မတို့ အိမ်ထောင်ရေးကိုလည်း၊ ဓာတ်ကြီးလေးပါးနဲ့ ညီမျှအောင်ဆောင်ရွက်ကြရပါမယ်။

အားလုံးရဲ့ အချစ်(မီး)တွေဟာ မေတ္တာ(ရေ)နဲ့ထိတွေ့ပြီး ဘဝကြီး အေးချမ်းနိုင်ပါစေလို့ ဆုတောင်းပေးနေပါတယ်။

Woeman World Jornal, Wednesday 30, January,2013

❐ ❐ ❐



www.burmeseclassic.com